# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 November 2023 ၁၁၂၇၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၇

| | |
|---|---|
| ဟားခါး | ၃ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၉ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၁၀ ဒီဂရီစင်တီဂရိတ် |

**ယနေ့ ဖတ်စရာ**

**အကြမ်းဖက်မှုပြဿနာ၊ စစ်ပွဲသံသရာနှင့် ယနေ့ကမ္ဘာ**

ဆောင်းပါး
စာမျက်နှာ » ၆

**သဘာဝကုန်ကြမ်းပစ္စည်းဖြင့် ပြုလုပ်ထားသည့် "ချာန်" သဘာဝ ခနိုဖူးခြောက်လုပ်ငန်း**

စာမျက်နှာ » ၁၇

# (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဘားအံ နိုဝင်ဘာ ၇

(၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် / ကရင်အမျိုးသားအစည်းအရုံး (ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA(PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ(ငြိမ်း)၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်(BGF)တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း**

စာမျက်နှာ » ၈



**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟသ်ာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၁၉

ကြေးမုံ

# ညီညွတ်မှုစွမ်းအားဖြင့်တိုးတက်မှုဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်ပထမအချက်တွင် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဟု ချမှတ်ထားသည့်အတိုင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေ ရောက်ရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် မှန်ကန်တည့်မတ်ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ရေးသည် အရေးကြီး သည်။ ထို့ကြောင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ ပေါ်ထွက်လာမည့်အစိုးရကို နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည်။ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများ၊ စိန်ခေါ်မှုများ ကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ ပေါ်ထွက်လာမည့်အစိုးရကို တာဝန် လွှဲပြောင်းပေးနိုင်ရေး ရည်မှန်းအကောင်အထည်ဖော်နေခြင်းသည် နိုင်ငံတော်အစိုးရ ၏ ပကတိစေတနာအမှန်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံး၏ ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ သို့သော် ဒီမိုကရေစီဟုကြွေးကြော်ပြီး ဒီမိုကရေစီလမ်းကြောင်းပျက်ပြားအောင်၊ အကောင်အထည်မဖော်နိုင်အောင် ပြည်တွင်း၊ ပြည်ပမှ နှောင့်ယှက်မှုများ၊ ဟန့်တားပိတ်ဆို့မှုများသည် ဒီမိုကရေစီအရေခြုံ ထားသည့် အာဏာရှင်များသာဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူများ ထိခိုက်ပျက်စီးစေရန် ဖန်တီးနေကြခြင်းဖြစ်သည်။

ပြည်ပနိုင်ငံကြီးအချို့၏ ဘက်ပေါင်းစုံမှ ဖိအားပေးအကျပ်ကိုင်မှုများကြောင့် လည်းကောင်း၊ ပြည်တွင်းမှ လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့်လည်းကောင်း ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားရေး တိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဝိုင်းဝန်း ပိတ်ဆို့မှု၊ ဖျက်လိုဖျက်ဆီးလုပ်မှုများကြားမှ နိုင်ငံ့စီးပွားရေး ဦးမော့နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ၂၀၁၉-၂၀၂၀ တွင် နိုင်ငံ့ဂျီဒီပီတိုးတက်မှု အနုတ် ၅ ဒသမ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၁-၂၀၂၂ တွင် အပေါင်း ၃ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ လမ်း၊ တံတား၊ တာဝါတိုင်များ စသည့်အခြေခံအဆောက် အအုံများ ဖျက်ဆီးခံရမှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရမည့် ဘဏ္ဍာငွေကို ပြန်လည်တည်ဆောက်ရေးတွင် သုံးစွဲရသဖြင့် စီးပွားရေးတိုးတက်မှု မျှော်မှန်းသည့်အတိုင်းဖြစ်လာရန် လိုအပ်ချက်များရှိခဲ့သည်။

အကယ်၍ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကို အနှောင့်အယှက်ကင်းစွာဖြင့် ဖြောင့်ဖြောင့်တန်းတန်းဆောင်ရွက်နိုင်ပါလျှင် ယနေ့ဆိုလျှင် ရည်မှန်းထားသည့်ပန်းတိုင်သို့ ဆောလျင်စွာရောက်ရှိနိုင်မည် ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ရည်မှန်းချက် တိုင်းရင်းသား ပြည်သူများ၏ မျှော်လင့်ချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရန်အတွက် အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဓိကကျသည့်တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တစ်နိုင်ငံလုံးတစ်ပြေးညီ အကြား အလပ်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် အကြမ်းဖက်တိုက်ခိုက်မှု များ ရှိနေသေးသည့် နယ်မြေဒေသများတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်၍မရသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းအကျိုးဆက်ကို နယ်မြေခံ လူထုနှင့်တိုင်းရင်းသားပြည်သူများ ကြုံတွေ့ခံစားနေကြရသည်။ နိုင်ငံတော်၏ ရည်မှန်းချက်၊ တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက် မှေးမှိန်ခဲ့ရသည်။

ယနေ့အချိန်ကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တ နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက် နိုင်ရေးအတွက် အရေးကြီးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်သည်။ ထိုအချိန်အခါတွင် အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့သော အဖျက်သမားများ၊ နိုင်ငံသစ္စာဖောက်များ၏ မိုက်မဲစွာနှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် ဒုက္ခဆင်းရဲများစွာကို ခံစားနေကြရသည်။

သို့ဖြစ်ရာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်နှင့်အညီ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ များ၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိနေသည်ဖြစ်ရာ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးနိုင်ကို အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မိတ္ထီလာခရိုင်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ



မိတ္ထီလာ နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက် တွင် ကျရောက်သည့် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၏ (၁၃၅) နှစ်မြောက် နှစ်ပတ် လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

**ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ် နဂါးရုံဘုရား ဩဝါဒါ စရိယ သဒ္ဓမ္မဝံသာရုံကျောင်းတိုက် ဦးစီး ပဓာနနာယက ဆရာတော်မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသနှင့် သံဃာတော် အရှင်မြတ်တို့အား ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့်ဇနီး၊ ဒုတိယခရိုင်အုပ်ချုပ် ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် တာဝန်ရှိသူများ က ဆွမ်းဆက်ကပ်လှူဒါန်းပြီး သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နဂါးရုံဘုရား ဩဝါဒါစရိယ သဒ္ဓမ္မဝံသာရုံ ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာ တော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒ ဝံသထံမှ အနုမောဒနာတရား နာယူ ကြည်ညိုခဲ့ကြသည်။

ယင်းနောက် ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက် ခဲ့သော ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြု ဆုချီးမြှင့်ခဲ့ကာ ဝန်ထမ်းများအား တစ်ဦး လျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၊ ဆန်၊ ဆီနှင့် တူညီဝတ်စုံများ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ် တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာ တစ်လျှောက်တွင် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေ ခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ် နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၇-၁၁-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၄၇၂ | ၄,၀၉၅,၇၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၀၀ | ၂၉၂ | ၈၅၁,၄၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂ | ၁၅,၈၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၂၉၀ | ၄၇၈,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၄၅၀ | ၃၅ | ၈၇,၂၅၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၂,၅၂၈ | ၅,၀၅၉,၀၅၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၁၁ | ၅၃,၈၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသော မြဝတီလှေလှော်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ နဂါးလှေအမျိုးသား(၁၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသား(၇)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသမီး(၇)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

❒ ရှေ့ဖုံးမှ

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဒူးပလာယာ၊ ခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်း၊ နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူ၊ ကရင်ပြည်နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ (ငြိမ်း) ဦးစောအောင်ပွင့်နှင့် မြို့မိမြို့ဖ ဒေါ်နန်းမြင့်တင်တို့က (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးနှင့် ပြခန်းများ ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးချိုးဖြူငှက် ၆၈ ကောင်ကို လွှတ်ပေးကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အဖြစ် ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာစည်ပင်ဝပြောပါစေကြောင်း သုံးကြိမ်ရွတ်ဆိုကြွေးကြော် (ဆုတောင်း) ၍ ငြိမ်းချမ်းရေးချိုးဖြူငှက် ၆၈ ကောင်ကို လွှတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အဖွဲ့သည် ဘင်ခရာ၊ ပန်းဖွားနှင့် ဒုံးအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ တက်ရောက်လာသော ဧည့်သည်တော်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန်အရောင်းပြခန်းများ၊ စက်မှုလက်မှု (MSMEs)ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ်တို့သည် (၆၈)နှစ်မြောက်ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲသို့ တက်ရောက်ပြီး ငှက်ပျော၊ သင်္ဘော၊ မာလကာ၊ ကျောက်ဖရုံ၊ နာနတ်၊ ဘူးသီး၊ ကွမ်းသီးသီးနှံများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသည့် တောင်သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုကို တက်ရောက်ချီးမြှင့်အားပေးကြသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ကြက်ခြေနီတပ်ဖွဲ့၊ ရေပြင်အသက်ကယ်အဖွဲ့များနှင့် ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြသောအသင်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြပြီး အမျိုးသား၊ အမျိုးသမီး (၃)တက်လှော်၊ အမျိုးသား၊ အမျိုးသမီး (၅)တက်လှော်၊ အမျိုးသား၊ အမျိုးသမီး (၇)တက်လှော်နှင့် နဂါးလှေအထူးသရုပ်ပြခြင်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများကို လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးစုပေါင်း

စာမျက်နှာ ၄ သို့ ❍

# (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

(၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ KMA Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး သမိုင်းတစ်လျှောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲဖွဲ့စည်း ရပ်တည်ခဲ့ရာမှ ယနေ့ခေတ်ကာလ တိုင်အောင် အစိုးရ၏အုပ်ချုပ်ရေးကိုအထောက်အကူပြုသည့် ဌာနကြီးတစ်ခု အနေဖြင့် ဆက်လက်ရပ်တည်နိုင်ခဲ့ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဌာန၏ ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဌာန၏ မူဝါဒများဖြစ်သည့် နိုင်ငံတော်မူဝါဒလိုက်နာရေး၊ အခြေခံသဘောတရားနှင့် ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရေးတို့နှင့်အညီ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက် ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို **“မူဝါဒ”** အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍက စိတ်ရင်းစေတနာ အမှန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနတူညီဝတ်စုံများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းတို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် စံပြဆု၊ ပထမဆုရရှိသူများအား ဆုများချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**

(၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




**အမှာစကားပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားရာတွင် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများက အားထားရသည့် အုပ်ချုပ်ရေးဌာနကြီးတစ်ခုအဖြစ် အခိုင်အမာ ဆက်လက်ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉) ရပ်တို့ကို “မူဝါဒ”အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍကနေ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ပြည်သူများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဦးဆောင်ဦးရွက်ပြုရသည့် လုပ်ငန်းတာဝန်များကို ရိုးပင်းကူညီ ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မှတ်တမ်း Video Clip ကို ပြသသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် သင်တန်းသား ဒုတိယဆုရရှိသူ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းအောင်နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် သင်တန်းသူ ဒုတိယဆုရရှိသူ ဒုတိယဦးစီးမှူး ဒေါ်ကြယ်စင်သာအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပြီး ဝန်ထမ်းများအား တူညီဝတ်စုံနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းတွင် ပထမဆုရရှိခဲ့သည့် ဒုတိယဦးစီးမှူး ဦးညာဏ်ဝင်းအောင် ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် သေနတ်ပစ်ထူးချွန်ဆုရရှိခဲ့သည့် ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်ဝင်း ကိုလည်းကောင်း ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၃ မှ

တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သော မြဝတီလှေလှော် အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယမန်နေ့မွန်းလွဲပိုင်းကလည်း ဘားအံမြို့ တောင်ကလေး ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အေးရိပ်သာ နာယကချုပ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဒေါက်တာ ဘဒ္ဒန္တပညာသာမိ (တောမိရဟန်း)အရှင်သူမြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ သီရိကွင်း၌ ဒုတိယနေ့အဖြစ် ယှဉ်ပြိုင်လျက်ရှိသည့် ကရင်ရိုးရာဒုံးအကပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၁၀ ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ဒုတိယနေ့ ဒုံးအကပြိုင်ပွဲတွင် အိန္ဒုတိုက်နယ်ဒုံးအဖွဲ့၊ ဝက်ကြီးတိုက်နယ် မုက္ကဒိစုပေါင်းဒုံးအဖွဲ့၊ ကော့ပရံဘုန်းတော်ကြီးသင်ပညာရေးကျောင်းဒုံးအဖွဲ့၊ ကော့ကရိတ် မြို့နယ်စုပေါင်းဒုံးအဖွဲ့၊ ပိုင်ကျုံမြို့ကိုယ်စားပြုစုပေါင်းဒုံးအဖွဲ့၊ ကော့ပေါမျိုးဆက်သစ်အားမာန်ဒုံးအဖွဲ့၊ ဘားအံမြို့တော်စုပေါင်းဒုံးအဖွဲ့၊ လှိုင်းဘွဲမြို့နယ်ကိုယ်စားပြု စုပေါင်းဒုံးအဖွဲ့၊ BGF တပ်နယ်အမှတ်(၂) ကိုယ်စားပြု ဒိုင်းပြကျေးရွာစုပေါင်းဒုံးအဖွဲ့နှင့် ရွှေကုက္ကိုလ်ကိုယ်စားပြုစုပေါင်းဒုံးအဖွဲ့များက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၇ ရက်တွင်လည်း ဒုံးအကများ ဆက်လက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျုံပျော် နိုဝင်ဘာ ၇**

မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မြို့မဈေးအတွင်း ယနေ့မွန်းလွဲ ၂ နာရီက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာသို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်စိန်ဘွင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးဘေးလုံခြုံရေးအဖွဲ့များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြပြီး ဈေးတာဝန်ခံရုံးအတွင်း မြို့မဈေးမီးဘေးလုံခြုံရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်၊ မီးကိုစနစ်တကျဖြင့် မိတ်ဆွေအဖြစ်အသုံးပြုနိုင်ကြရန်၊ မီးသတိရှိရန်တို့ကို ဆွေးနွေးကြသည်။



ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးဘေးလုံခြုံရေးအဖွဲ့များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းကာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေဖြင့် ပက်ဖျန်း မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြပြီး တာဝန်ရှိသူများက ဈေးအတွင်း မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ကိရိယာများ အသင့်ထားရှိမှုနှင့် လျှပ်စစ်အသုံးပြုမှုများ စနစ်တကျရှိ/မရှိတို့ကို ဈေးဆိုင်များသို့ လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကြည့်ရှုအားပေး







နေပြည်တော် နိုဝင်ဘာ ၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားလာစေရေးနှင့် အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဖြစ်ပါကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများကလည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲ၏ အနိုင်၊ အရှုံး အဆုံးအဖြတ်ကို စံချိန်စံညွှန်းသတ်မှတ်ချက်ဖြင့် ရယူခြင်းမဟုတ်ဘဲ အချိန်တိုအတွင်း မျက်မြင်ဆုံးဖြတ်ရသည့် ကကွက်ပြိုင်ပွဲနှင့် နည်းပညာ၊ စက်ကိရိယာပစ္စည်းများပံ့ပိုးမှုဖြင့် ဆုံးဖြတ်ရသည့် အတိုက်ပြိုင်ပွဲများတွင် ဒိုင်လူကြီးများ၏ မှန်ကန်သည့် အဆုံးအဖြတ်ကို ကျေကျေနပ်နပ် အသိအမှတ်ပြု လက်ခံကြရမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများကလည်း "အကောင်းဆုံးလူ အနိုင်ရပါစေ" ဆိုသည့် ဆောင်ပုဒ်အတိုင်း ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန် အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများကအားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များကို လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒို တစ်ဦးချင်း (အမျိုးသား/ အမျိုးသမီး) အတိုက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၅ သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၈၀ တို့က နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် တိုက်ကွမ်ဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၇

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်သင်တန်း တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်ခဲ့သည်။



## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ဘွဲ့နှင်းသဘင် ခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်သင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ အာဟာရပြည့်စုံစွာ စားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သတ်မှတ်အမှတ် ပြည့်မီသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသော တိုင်းရင်းသား တိုင်းရင်းသူများကို လူတွေ့စစ်ဆေး အတည်ပြုရွေးချယ်ခဲ့သည်။

## ခန့်အပ်တာဝန်ပေးသွားမည်

ယခု ပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေး ဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမှ B.Ed ပညာရေးဘွဲ့သင်တန်းအတွက် ၁၅၈ ဦး၊ ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI ဘွဲ့ဒီပလိုမာ သင်တန်းများအတွက် ၁၄၈ ဦးတို့ကို စိစစ်အတည်ပြုပြီးပါက B.Ed ပညာရေးဘွဲ့ ငါးနှစ်၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ လေးနှစ်၊ AGTI ဒီပလိုမာ သုံးနှစ် သင်ကြားပေးသွားမည် ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဘွဲ့ ဒီပလိုမာများ အပ်နှင်းပေးကာ B.Ed ဘွဲ့ရရှိသူများကို အထက်တန်းပြ ဆရာ ဆရာမများအဖြစ်လည်းကောင်း၊ ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI ဘွဲ့ဒီပလိုမာရရှိသူများကို ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများတွင် အကြီးတန်းစာရေးနှင့် အဆင့်တူ ရာထူးနေရာများတွင်လည်းကောင်း နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ညောင်တုန်း နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးက ဦးစီးဌာနသမိုင်းကြောင်းနှင့် (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အတွင်း ၂၀၂၃ ခုနှစ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပေးအပ်သည့် တာဝန်များကို တက်ကြွစွာဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပြိုင်ပွဲများပြုလုပ်ခဲ့ရာ ဝန်ထမ်းများကပျော်ရွှင်စွာယှဉ်ပြိုင်ကစားခဲ့ကြပြီး အစည်းအဝေးခန်းမတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်း ၄၂ ဦးအား တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများက ဂုဏ်ပြုကန်တော့ခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းခြင်း၊ အားကစားပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအား ကံစမ်းမဲပစ္စည်းများ ဖောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အကြမ်းဖက်မှုပြဿနာ၊ စစ်ပွဲသံသရာနှင့် ယနေ့ကမ္ဘာ

မောင်ကမ္ဘာ

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့။

အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဟားမားစ်စစ်သွေးကြွတို့၏ ယခုအကြိမ် အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်မှုက အစ္စရေးနိုင်ငံသမိုင်းတွင် မကြုံစဖူး ရာဇဝင်တွင်သွားခဲ့သည်။ ဟားမားစ်တို့၏ တိုက်ခိုက်မှုအတွင်း အစ္စရေးနိုင်ငံသား ၁၄၀၀ ထက်မနည်းသေဆုံးခဲ့ပြီး နှစ်ရာကျော်မှာ ဓားစာခံများအဖြစ် ဖမ်းဆီးခံခဲ့ရသည်။

ဟားမားစ်တို့၏ ယခုအကြိမ် ဝင်ရောက်စီးနင်းတိုက်ခိုက်မှုသည် အစ္စရေးနိုင်ငံ ထူထောင်ပြီးချိန်မှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ အဆိုးရွားဆုံးခံရသည့်နှစ်အဖြစ် အစ္စရေးလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက မှတ်တမ်းတင်ခဲ့သည့် ၂၀၀၂ ခုနှစ်ထက် ပို၍အခြေအနေဆိုးရွားခဲ့သည်။

**လုံခြုံရေးသာမက စီးပွားရေးကဏ္ဍတွင်ပါ ထိခိုက်ခဲ့ရ**

၂၀၀၂ ခုနှစ်တွင် ဟားမားစ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် အစ္စရေးနိုင်ငံသည် လုံခြုံရေးသာမက စီးပွားရေးကဏ္ဍတွင်ပါ ထိခိုက်ခဲ့ရသည်။ ကမ္ဘာလှည့်ခရီးသွားများပင်မဆိုထားဘိ အစ္စရေးပြည်သူများသည်ပင်လျှင် ဈေးများ၊ ကုန်တိုက်များ၊ စားသောက်ဆိုင်များကို မသွားရဲ၊ မလာရဲဖြစ်ခဲ့ကြသည်။ ဘတ်စ်ကားများပေါ်တွင် အသေခံဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ဘတ်စ်ကားပင် မစီးရဲသည်အထိ အခြေအနေဆိုးရွားခဲ့သည်။ ထိုစဉ်က ဟားမားစ်တို့၏ အသေခံဗုံးဖောက်ခွဲမှုများကြောင့် ၂၀၀၂ ခုနှစ် မတ်လတစ်လအတောအတွင်းမှာပင် အစ္စရေးအရပ်သားပြည်သူ စုစုပေါင်း တစ်ရာကျော် သေဆုံးခဲ့ပြီး ခြောက်ရာကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးတို့ကလည်း လက်စားချေ တုံ့ပြန်သည့်အနေဖြင့် ဟားမားစ်အဖွဲ့မှ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ် မတ်လတွင် ဟားမားစ်ခေါင်းဆောင် ရှိတ်ယာဆင်ကို အစ္စရေးတို့က ရဟတ်ယာဉ်ပေါ်မှ ဒုံးကျည်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်အပြင် ဆက်တိုက်ဆိုသလို ယာဆင် နေရာဆက်ခံသူ ရန်တီစီကိုလည်း ဧပြီလတွင် ဒုံးကျည်ဖြင့်ပင် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ဟားမားစ်ခေါင်းဆောင် ရှိတ်ယာဆင်သည် ဟားမားစ်လှုပ်ရှားမှုကို စတင်တည်ထောင်ခဲ့သူဖြစ်သည်။ ယာဆင်သည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် အစ္စလာမ္မစ် ခုခံတော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ကြီးကို စတင်ထူထောင်ခဲ့ပြီး အာရပ်ဘာသာအတိုကောက်အဖြစ် ဟားမားစ်ဟု အမည်ပေးခဲ့သည်။ "စိတ်အားထက်သန်တက်ကြွမှု" ဟူသည့်အဓိပ္ပာယ်ရသည်။ ဟားမားစ်တို့သည် အစ္စရေးနိုင်ငံတည်ရှိမှုကို အသိအမှတ်မပြုဘဲ အစ္စရေးကို အလုံးစုံပျက်သုဉ်းရေး၊ ဖယ်ရှားရေးအတွက် ဂျီဟတ်ဆင်နွှဲရန် သန္နိဋ္ဌာန်ချခဲ့သူများဖြစ်သည်။

ထို့ကြောင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်နှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာအာရာဖတ်တို့ သဘောတူညီခဲ့ကြသည့် ၁၉၉၃ ခုနှစ် အော်စလိုငြိမ်းချမ်းရေး သဘောတူညီမှုပျက်ပြားစေရန် ၁၉၉၄၊ ၁၉၉၅ ခုနှစ်များတွင် အစ္စရေးနိုင်ငံအတွင်း အကြမ်းဖက်မှုများနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ပြုလုပ်ခဲ့ကြသည်။

သို့ဖြင့် အစ္စရေးပြည်သူအများစုသည် အော်စလိုသဘောတူညီချက်ကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုများပြားလာခြင်းဖြစ်သည်ဟု ယူဆလာကြပြီး ဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်ကို ဆန့်ကျင်ဆန္ဒပြမှုများ ပိုမိုပြင်းထန်လာခဲ့သည်။ အဆုံးမှာတော့ ဝန်ကြီးချုပ်ရာဘင်သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလတွင် တဲလ်အဗစ်မြို့ Kings of Isreal ရင်ပြင်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးလူထုအစည်းအဝေးပွဲကြီး၌ မိန့်ခွန်းပြောကြားပြီးအပြန် ကားရှိရာသို့



အစ္စရေးနှင့် ဟားမားစ်တို့အကြား ပဋိပက္ခများကြောင့် အစ္စရေးနယ်စပ်အနီးမှ ဂါဇာဒေသခံများ အိုးအိမ်စွန့်ခွာလာကြစဉ်။

အသွားတွင် ယီဂဲလ်အာမီယာဆိုသူ ဂျူးအစွန်းရောက်လူငယ်တစ်ဦး၏ သေနတ်နှင့် အနီးကပ် ပစ်ခတ်လုပ်ကြံမှုကြောင့် ကွယ်လွန်သွားခဲ့ရရှာသည်။

ရာဘင်နေရာဆက်ခံသူ ရှီမွန်ပီရက်မှာလည်း ဟားမားစ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်တန့်အောင် မစွမ်းဆောင်နိုင်ခဲ့ပြန်၍ ၁၉၉၆ ခုနှစ် မေလ ရွေးကောက်ပွဲတွင် ယခုတစ်ကျော့ပြန်ဝန်ကြီးချုပ်ဖြစ်လာသူ နေတန်ယာဟုကို အရှုံးပေးလိုက်ရသည်။ တကယ်တမ်းဆိုရလျှင် နေတန်ယာဟုသည် ဟားမားစ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့်ပင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူဖြစ်သည်။

သို့သော် ဟားမားစ်တို့၏ ယခုအောက်တိုဘာလ ၇ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင်မူ ဝန်ကြီးချုပ် နေတန်ယာဟုအတွက်သာမက အစ္စရေးနိုင်ငံအတွက်ပါ မကြုံစဖူး အထိနာခဲ့ရလေသည်။

ထို့ကြောင့် ဝန်ကြီးချုပ်နေတန်ယာဟုက ဟားမားစ်တို့၏ အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကို ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှု၊ 9/11 အကြမ်းဖက်တိုက်ခိုက်ခံရခဲ့မှုအဖြစ် သတ်မှတ်ခဲ့ပြီး ဟားမားစ်တို့၏ ဂါဇာကမ်းမြောင်ဒေသကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။

**အရပ်သားပြည်သူများကို ပို၍ထိခိုက်သေဆုံးစေခဲ့**

သို့ရာတွင် အစ္စရေးတို့၏ မီးကုန်ယမ်းကုန် အပြင်းအထန်လက်တုံ့ပြန် ဗုံးကြဲတိုက်ခိုက်မှုများသည် ဟားမားစ်တို့ထက် ပါလက်စတိုင်း အရပ်သားပြည်သူများကို ပို၍ထိခိုက်သေဆုံးစေခဲ့သည်။

"ဂါဇာဒေသကို ရွက်ဖျင်တဲမျိုးသာဖြစ်စေရမည်"ဟူသည့် ကြုံးဝါးချက်နှင့်အညီ အစ္စရေးတို့သည် အရပ်ဘက်လူနေတိုက်တာများ၊ ဆေးရုံများ၊ ဒုက္ခသည်စခန်းများပင်မရှောင် အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဂါဇာကမ်းမြောင်ဒေသသည် မီးဟုန်းဟုန်းတောက်လောင်လျက်

> **"အောက်တိုဘာလ ၇ ရက်နေ့က ဟားမားစ်တို့က အစ္စရေးကို အလစ်အငိုက်ဖမ်းပြီး ရုတ်တရက်ဝင်ရောက်တိုက်ခိုက်၍ အပြစ်မဲ့အရပ်သားပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့စဉ်က ကြောက်ရွံ့တုန်လှုပ်နေကြသည့် ဂျူးရင်သွေးငယ်များနှင့် အစ္စရေး၏ အပြင်းအထန်လက်တုံ့ပြန်တိုက်ခိုက်မှုကြောင့် ကြောက်ရွံ့မှုများဖြင့် ပြည့်နှက်နေသော ပါလက်စတိုင်းအပြစ်မဲ့ကလေးငယ်များ၏ မျက်ဝန်းများကလည်း ငြိမ်းချမ်းရေးကို လိုလားသူ ကမ္ဘာ့ပြည်သူများ၏ စိတ်နှလုံးကို တုန်လှုပ်စေ"**

သုသာန်တစပြင်ပမာ ဖြစ်ခဲ့ရလေသည်။

ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားချိန်မှစ၍ ဗုံးအရေအတွက် တစ်သောင်းကျော်ပစ်ချခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ပေါက်ကွဲမှုပမာဏတန်ချိန် ၂၅၀၀၀ ကျော်ရှိခဲ့ရာ တစ်စတုရန်းမီတာလျှင် တန်ချိန် ၇၀ နီးပါးအထိဖြစ်ကြောင်း ဂါဇာအစိုးရမီဒီယာရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေး – ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ နိုဝင်ဘာလ ၂ ရက်နေ့အထိ ဂါဇာဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၉၀၀၀ ကျော်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

သေဆုံးသူများမှာ ကလေး ၃၇၆၀ နှင့် အမျိုးသမီး ၂၃၂၆ ဦး အပါအဝင် စုစုပေါင်း ၉၀၆၁ ဦးအထိ မြင့်တက်လာခဲ့ကာ ဒဏ်ရာရသူဦးရေ ၃၂၀၀၀ ကျော်ရှိကြောင်း သိရသည်။ ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ဂျာဘာလီယာဒုက္ခသည်စခန်းကို အစ္စရေး၏ အောက်တိုဘာလ ၃၁ ရက်နေ့က လေကြောင်းတိုက်ခိုက်မှုတွင် ဒုက္ခသည် ၅၀ ကျော် သေဆုံးခဲ့ပြီး ၁၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

အပျက်အစီးများကြားတွင် သားပျောက်ရှာဖွေနေသူ သားသမီးသုံးဦး၏ ဖခင်တစ်ဦး၏ "နှုတ်တောင်မဆက်လိုက်ရဘူး" ဟူသည့် မချိတင်ကဲရေရွတ်မှုနှင့်အတူ သောကပွေနေသည့်မြင်ကွင်းကလည်း ကမ္ဘာ့ပြည်သူများ၏ရင်ကို တုန်လှုပ်စေသည်။ ဂါဇာဒေသရှိ လူကုံထံများနေထိုင်ရာ ရပ်ကွက်တစ်ခုကိုလည်း အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အုတ်ပုံအပျက်အစီးများကြားမှ ပါလက်စတိုင်း အမျိုးသမီးကြီးတစ်ဦးက "ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ကျွန်မတို့ဘဝပျက်ပါပြီ" ဟူ၍လည်း မေးခွန်းထုတ်ခဲ့ပြန်ပါသည်။

**ကမ္ဘာ့ပြည်သူများ၏ စိတ်နှလုံးကို တုန်လှုပ်စေ**

အောက်တိုဘာလ ၇ ရက်နေ့က ဟားမားစ်တို့က အစ္စရေးကို အလစ်အငိုက်ဖမ်းပြီး ရုတ်တရက်ဝင်ရောက်တိုက်ခိုက်၍ အပြစ်မဲ့အရပ်သားပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့စဉ်က ကြောက်ရွံ့တုန်လှုပ်နေကြသည့် ဂျူးရင်သွေးငယ်များနှင့် အစ္စရေး၏ အပြင်းအထန် လက်တုံ့ပြန်တိုက်ခိုက်မှုကြောင့် ကြောက်ရွံ့မှုများဖြင့် ပြည့်နှက်နေသော ပါလက်စတိုင်းအပြစ်မဲ့ကလေးငယ်များ၏ မျက်ဝန်းများကလည်း ငြိမ်းချမ်းရေးကိုလိုလားသူ ကမ္ဘာ့ပြည်သူများ၏ စိတ်နှလုံးကို တုန်လှုပ်စေသည်။

ထိုသို့ ဂါဇာကမ်းမြောင်ဒေသသည် အပျက်အစီးများနှင့် ငရဲခန်းအခြေအနေ ဆိုက်ရောက်လာမှုကြောင့် အစ္စရေးတို့အား ထိန်းထိန်းသိမ်းသိမ်းပြုလုပ်ရန်တောင်းဆိုသံများလည်း ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။ ပါလက်စတိုင်းကို ထောက်ခံသည့် ဆန္ဒပြမှုများလည်း ကမ္ဘာတစ်လွှား ဖြစ်ပွားလာခဲ့သည်။

စာမျက်နှာ ၇ သို့ ✢

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဒီပါဝလီ အထိမ်းအမှတ် မီးထွန်းပွဲတော်အခမ်းအနား တက်ရောက်




**ရန်ကုန် နိုဝင်ဘာ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင် အသင်းချုပ် (Myanmar India International Business Federation)က ကြီးမှူးကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ် မီးထွန်းပွဲတော် အခမ်းအနားသို့ တက်ရောက်ကြသည်။

**ကြိုဆို**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအား ပွဲတော်ကျင်းပရေးကော်မတီဝင်များက ဟိန္ဒူရိုးရာယဉ်ကျေးမှုနှင့်အညီ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များသည် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး မဟာလက်ချမီး မယ်တော်အား ဒီပါဝလီ ဆီမီးထွန်းကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ရွှေပိုးပဝါ ခြုံလွှမ်း၍ ပန်းကုံးစွပ် ဂါရဝပြုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များသည် မင်္ဂလာဆီမီးတိုင်ကို ထွန်းညှိပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ဒီပါဝလီပွဲတော်အား မြန်မာ့ရိုးရာ ရာသီခွင်ပါ သီတင်းကျွတ်လကွယ်နေ့ကို သတ်မှတ်ကျင်းပသည်ဟု သိရှိရကြောင်း၊ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ **“ဒီပါဝလီ”** ဟူသည့် စကားလုံးအသုံးအနှုန်းသည် **“ဒီပ”** နှင့် **“အာဝလီ”**ဆိုသည့် ပါဠိဘာသာစကားနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အဓိပ္ပာယ်အားဖြင့် ဆီမီးအလင်းရောင်များ တန်းစီလျက် အဆန်းတကြယ် အသွယ်သွယ် စီခြယ်ထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ကို လေ့လာမှတ်သားရပါကြောင်း၊ ဘာသာအသီးသီးတို့၏ ဘာသာရေး အခမ်းအနားများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိသကဲ့သို့ အခမ်းအနားများကိုလည်း တာဝန်ရှိသူများက တက်ရောက်၍ အားပေးချီးမြှင့်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို အခြေခံမူလေးချက်ဖြစ်သည့် ‘ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး၊ ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ကူညီစောင့်ရှောက်ကြရန်၊ ဘာသာရေးနှင့် ဆက်နွယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန်’ ဟူသည့် ကောင်းမြတ်သော အခြေခံမူများချမှတ်ပြီး ဆောင်ရွက်နေကြပါကြောင်း။

ဟိန္ဒူဘာသာဝင်များ အနေဖြင့် ဤကောင်းမြတ်သည့် အခြေခံမူများနှင့်အညီ ဘာသာကြီးလေးခု၏ ချစ်ကြည်ညီညွတ်မှုကို ဝိုင်းဝန်းကူညီပြီး ဆက်လက်အကောင်အထည် ဖော်ကြစေလိုပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆက်သွယ်မှုများ ယခင်ကထက် တိုးတက်ဆောင်ရွက်လာနေသည့် ယခုလိုအချိန်အခါတွင် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းကြီးအနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များနှင့်အညီ စီးပွားရေးခွန်အားများနှင့် အခွင့်အလမ်းများကို ဖော်ထုတ် တိုးပွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကို အခြေခံပြီး လူသားအချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန်သည်းခံခွင့်လွှတ်ခြင်း အဟိံသ တရား၊ သနားကြင်နာခြင်း ကရုဏာတရားစသည့် ဓမ္မအလင်းတန်းများ ဖြန့်ကြက်ဝေဖြာနိုင်ပါစေ၊ တစ်ဦးနှင့်တစ်ဦး မေတ္တာအလင်းရောင် လင်းလက်ကူးယှက်ကြပြီး မြန်မာနိုင်ငံတော်ကြီး၏ အကျိုးစီးပွားကို ရှေးရှုကြလျက် နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများမှာ စည်းလုံးညီညာစွာ ပါဝင်ထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးအား အိန္ဒိယသံအမတ်ကြီးက ဒီပါဝလီဂုဏ်ပြုပန်းခြင်းဖြင့် ဂါရဝပြု၍ ဒီပါဝလီနေ့အကြောင်း ရှင်းလင်းတင်ပြပြီး ဒီပါဝလီပွဲတော် မှတ်တမ်းဗီဒီယိုပြသကာ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အိန္ဒိယသံရုံးက ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးက စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၄ ရွာအား ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၁၀၀ ကို သက်ဆိုင်ရာကျေးရွာများအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




✢ စာမျက်နှာ ၆ မှ

သို့သော် အစ္စရေး၏ ဒေါမာန်ဟုန်ကို အစဉ်အလာမဟာမိတ် အမေရိကန်နှင့် အနောက်နိုင်ငံများသာမက ကုလသမဂ္ဂအဖွဲ့ကြီးကလည်း မတားဆီးနိုင်တော့ပါ။ စစ်ဘေးဒဏ်ခံနေရသည့် ဂါဇာပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးနိုင်ရေးပင်လျှင် ကျားသနားမှ နွားချမ်းသာရမည့်အခြေအနေဖြစ်နေသည်။

ဂါဇာကမ်းမြောင်ဒေသအတွင်း လူသားချင်းစာနာမှုအကူအညီများ ဝင်ခွင့်ပြုရန်နှင့် အပစ်အခတ်ခေတ္တရပ်တန့်ရေးအတွက် တောင်းဆိုမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုက အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ပြန်ပါသည်။

သို့ဖြင့် နိုင်ငံတကာတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်ရှိအခန်းကဏ္ဍကို ကမ္ဘာ့ပြည်သူအပေါင်းက မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

**စစ်ပွဲကြီးရပ်ပါတော့**

“စစ်ပွဲတွေနဲ့ မကြုံရတဲ့ သာမန်ကလေးတစ်ယောက်လိုပဲ ဖြစ်ချင်ပါတယ်”၊ “ဒုံးကျည်တွေနဲ့လည်း မပစ်ကြပါနဲ့တော့၊ အန္တရာယ်ကင်းကင်းနဲ့ အိမ်ကိုပြန်ချင်ပါတယ်” ဟူသည့် ကမ္ဘာ့မီဒီယာ မြင်ကွင်းထက်က ပါလက်စတိုင်းရင်သွေးငယ်တို့၏ ခံစားချက်များ၊ ဂါဇာရှိ အယ်လ်အာလီဆေးရုံကို ဒုံးကျည်ကျရောက် ပေါက်ကွဲမှုဖြစ်စဉ်အတွင်း မိသားစုဝင်များဆုံးပါးခဲ့ရသူ ပါလက်စတိုင်းပြည်သူတစ်ဦး၏ “စစ်ပွဲကြီးရပ်ပါတော့” ဟူသည့် မေတ္တာရပ်ခံချက်များကြားမှ အစ္စရေး - ဟားမားစ်ပဋိပက္ခသည် ပို၍အရှိန်အဟုန်မြင့်တက်လျက်ရှိသည်။ နိုဝင်ဘာလ ၂ ရက်နေ့ ကမ္ဘာ့သတင်းများအရ အစ္စရေးမြေပြင်တပ်ဖွဲ့များသည် မြေပြင်ထိုးစစ်ဝင်ရောက်ရန် ဂါဇာမြို့အား ဝိုင်းရံထားပြီးပြီဟု ဆိုသည်။

ကမ္ဘာ့ပြည်သူအများစုကမူ အစ္စရေး - ဟားမားစ် ပဋိပက္ခစစ်ပွဲသည် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးသို့ ပျံ့နှံ့သွားလေမလား၊ နာကြည်းမုန်းတီးမှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့် အကြမ်းဖက်မှုများသည်လည်း ယနေ့ကမ္ဘာတွင် တစ်ကျော့ပြန် ဖြစ်ပွားလာလေမလားဟု စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာလ ၂၇ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့များက ကိုးကန့်ဒေသအတွင်းရှိ နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးဌာနများကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အပြစ်မဲ့အရပ်သား ပြည်သူအချို့အား ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ အလားတူ KIA အဖွဲ့ကလည်း ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြပြန်သည်။ တပ်မတော်က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တန်ပြန်ချေမှုန်းမှုများဆောင်ရွက်ခဲ့မှုကြောင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ထောင်နှင့်ချီသော ဒေသခံပြည်သူများသည် နေရပ်စွန့်ခွာ တိမ်းရှောင်ထွက်ပြေးခဲ့ကြရပြန်ပါသည်။

စစ်သွေးကြွများ၊ စစ်လိုလားသူစစ်ဝါဒီများ၊ စစ်ဘုရင်များ၊ စစ်ပွဲကိုအကြောင်းပြု၍ အကျိုးအမြတ်ရရှိနေသူများ၊ လူမျိုးစွဲ၊ ဘာသာစွဲ အမြင်ကျဉ်းမြောင်းသူများရှိနေသမျှ ယနေ့ကမ္ဘာသည် အကြမ်းဖက်မှုပြဿနာနှင့် စစ်ပွဲသံသရာကြားတွင် တဝဲလည်လည် လုံးလည်လိုက်ကြုံတွေ့နေဦးမည်သာ။ ။

## စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၇/၂၀၂၃ အရ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ကျင့်သုံးရမည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ၊ မူပိုင်ခွင့်တရားရုံးက ချမှတ်သည့်စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၅၅/၂၀၂၃)၊ (၉၅၆/၂၀၂၃)၊ (၉၅၇/၂၀၂၃)၊ (၉၅၈/၂၀၂၃)၊ (၉၅၉/၂၀၂၃)နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၉၆၀/၂၀၂၃)တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ အမိန့်ကြော်ငြာစာအမှတ် (၉၅၅/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (င) အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၅ အရ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၂။ အမိန့်ကြော်ငြာစာအမှတ် (၉၅၆/၂၀၂၃)-စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆(ဂ)အရ အောက်ဖော်ပြပါ တရားရုံးများအား ယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

(ဂ) ခရိုင်တရားရုံးများ

၃။ အမိန့်ကြော်ငြာစာအမှတ် (၉၅၇/၂၀၂၃)- စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆(ဃ)အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ်အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ အမိန့်ကြော်ငြာစာအမှတ်(၉၅၈/၂၀၂၃)- စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆(ဂ)အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမမူလမှု စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

(ခ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇ (က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ အမိန့်ကြော်ငြာစာအမှတ် (၉၅၉/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (ဃ)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၆။ အမိန့်ကြော်ငြာစာအမှတ်(၉၆၀/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၈/၂၀၂၃ အရ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ကျင့်သုံးရမည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ၊ မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆၁/၂၀၂၃)၊ (၉၆၂/၂၀၂၃)၊ (၉၆၃/၂၀၂၃)၊ (၉၆၄/၂၀၂၃)၊ (၉၆၅/၂၀၂၃) နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၉၇၃/၂၀၂၃) တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ အမိန့်ကြော်ငြာစာအမှတ် (၉၆၁/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၃ (ဂ)နှင့် (င) တို့အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၅၉ အရ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၈ အရ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ်လျှောက်ထားမှုများ။

၂။ အမိန့်ကြော်ငြာစာအမှတ်(၉၆၂/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၃ (ဂ)အရ အောက်ဖော်ပြပါ တရားရုံးများအား ယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

(ဂ) ခရိုင်တရားရုံးများ

၃။ အမိန့်ကြော်ငြာစာအမှတ် (၉၆၃/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၃ (ဃ)အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများက စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ်အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ အမိန့်ကြော်ငြာစာအမှတ် (၉၆၄/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၃(ဂ)အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမမူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၃ (က) အရ ယာယီအရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ အမိန့်ကြော်ငြာစာအမှတ် (၉၆၅/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၃ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၆။ အမိန့်ကြော်ငြာစာအမှတ် (၉၇၃/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ(က) အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

သထုံ နိုဝင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက ဌာနနှစ်ပတ်လည်နေ့ ကျင်းပရသည့်ရည်ရွယ်ချက်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကံစမ်းမဲဆုလက်ဆောင်များ ဖွင့်ဖောက်ပေးအပ်ကာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား သက်ကြီးဝန်ထမ်းဟောင်းများအား အိမ်တိုင်ရာရောက် လိုက်လံပူဇော်ကန်တော့ကြသည်။

အလားတူ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌လည်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်နှင့် ဝန်ထမ်းများ စုပေါင်းကာ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်ခြင်း၊ အငြိမ်းစားဝန်ထမ်းဟောင်းများအား ပူဇော်ကန်တော့ခြင်း၊ နှစ်ပတ်လည်အထိမ်းအမှတ် လက်ဆောင်ပေးအပ်ခြင်း စသည်တို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျဲ့ကျန်းပြည်နယ် ဝူကျွန်းမြို့တွင် ကျင်းပသည့် မြို့ပြနှင့် ကျေးလက်သာယာဝပြောရေးအတွက် ဒစ်ဂျစ်တယ်စွမ်းအားမြှင့်တင်မှုနှင့် ၂၀၂၃ ခုနှစ် ဒစ်ဂျစ်တယ်စွမ်းရည်မြှင့်တင်ခြင်းနှင့် ဘုံသာယာဝပြောရေးသရုပ်ပြဇုန် ဆောက်လုပ်ရေးပြပွဲ လှုပ်ရှားမှုအစီအစဉ်သို့ ပါဝင်တက်ရောက်

ဝူကျွန်း နိုဝင်ဘာ ၇

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ဝူကျွန်းမြို့ ဒင်ရှန်းခန်းမ ယွန်ကျုံးဧည့်စင်တာတွင် ကျင်းပသည့် ဒစ်ဂျစ်တယ် အထောက်အကူပြု သရုပ်ပြဧရိယာ တည်ဆောက်ရေး ပြပွဲဆိုင်ရာလှုပ်ရှားမှု အစီအစဉ်သို့ ယနေ့တွင်ပါဝင်တက်ရောက်သည်။




အဆိုပါ အခမ်းအနားသည် ကျဲ့ကျန်းပြည်နယ်၏ “ကျေးလက်မြို့ပြ အတူတကွ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒစ်ဂျစ်တယ်အထောက်အကူပြု” အစီအစဉ်အောက်တွင် အခြေခံပြီး ကျဲ့ကျန်းပြည်နယ်၏ ကျေးလက်ဒေသ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုကို မြှင့်တင်ခြင်းနှင့် ကျေးလက်မြို့ပြ ဒစ်ဂျစ်တယ်ကဏ္ဍ အတူတကွဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့အာရှ-အာဖရိကနှင့် အီးယူနိုင်ငံများမှ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဥက္ကဋ္ဌနှင့် အကြီးအကဲများ၊ အဆင့်မြင့် တာဝန်ရှိသူများနှင့် ကျဲ့ကျန်းပြည်နယ်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံမှ နည်းပညာဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ် နည်းပညာမြှင့်တင်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ရေး၊ 5G အနာဂတ်၊ ဒစ်ဂျစ်တယ် လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း ပေါင်းစပ်မြှင့်တင်ရေးကိစ္စများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းအချင်းချင်း အားဖြည့်ဆောင်ရွက် ကူညီပေးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒင်ရှန်းခန်းမ၊ ယွန်ကျုံးဧည့်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အင်တာနက်မြို့ ပြပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသည် ဝူကျွန်း အပြည်ပြည်ဆိုင်ရာ အင်တာနက်မြို့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် တုန်ရှန်းဒစ်ဂျစ်တယ် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြေညာစာတမ်းအညွှန်းကိန်းကို ထုတ်ပြန်ကြေညာသည့် အခမ်းအနားတစ်ခုဖြစ်ပြီး အဆိုပါ အခမ်းအနား၌ အနာဂတ်တွင် 5G+ နည်းပညာမြို့တော်အဖြစ် တည်ဆောက်ရေး၊ AI နည်းပညာကို အသုံးပြု၍ Smart City မြို့တော်တည်ဆောက်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဂေဟစနစ်အခန်းကဏ္ဍများတွင် ဒစ်ဂျစ်တယ်ယဉ်ကျေးမှု အသုံးပြုမှုပိုမိုတိုးတက်စေရေး၊ အဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ Smart City ဖြစ်အောင် တည်ဆောက်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြသွားကြောင်း သိရသည်။

သတင်းစဉ်

# ပျဉ်းမနားမြို့နယ်၌ ပထမနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်




နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ပျဉ်းမနားမြို့နယ်၌ ပထမနေ့အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးကြကာ မဲဆန္ဒရှင်များကိုယ်တိုင် မဲပေးစက်၏ ထိန်းချုပ်စက်(Control Unit)ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ကြသည်။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွာကောက်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်၊ ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ နတ်သူရဲကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စုနှင့် သနပ္ပင်ဆိပ် ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် Myanmar Electronic Voting Machine (MEVM)နှင့်စပ်လျဉ်း၍ ပြည်သူများ သိရှိနားလည်မှုမြင့်တက်စေရန်အတွက် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ သွားရောက်၍ လက်တွေ့သရုပ်ပြ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုနယ်မြေအတွင်း ပြည်သူများရှိရာ ရပ်ကွက်နေရာများအထိ သွားရောက်၍ မြို့နယ်အလိုက် အလှည့်ကျသရုပ်ပြ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာအုပ်စုအားလုံးတို့၌ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ပျဉ်းမနားမြို့နယ်၌လည်း မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၆ ခုမှ မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းသရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေးခြင်းများကို နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၃ / ၂၀၂၃)**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မနောဟရလမ်း၊ ပထမထပ်၊ အမှတ်(၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (United Nationalities Democracy Party)**၏ မှတ်ပုံတင်အမှတ်မှာ(၃၈) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၄ / ၂၀၂၃)**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဘုရားကြီးဘုရားအနီး၊ ဆည်မြောင်းတိုးချဲ့ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၉) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံး ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## B.Tech ဘွဲ့သင်တန်းများအားလုံး ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်နည်းပညာတက္ကသိုလ်သို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုင်ချုံချင့်မီဒီယာ (i-chongqing media)နှင့် ချုံချင့်ရုပ်မြင်သံကြားတို့နှင့် အင်တာဗျူးဆောင်ရွက်သည်။

အင်တာဗျူးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့တွင် ကျင်းပခဲ့သော The Belt and Road Conference on Science and Technology Exchange မှ မြန်မာနိုင်ငံအတွက် ရရှိလာသော အကျိုးကျေးဇူးများအကြောင်း၊ လက်ရှိတရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်နေသော သိပ္ပံနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများအကြောင်းနှင့် The Belt and Road Conference on Science and Technology Exchange မှ ရှေ့ဆက်ဆောင်ရွက်သွားမည့် တရုတ်-မြန်မာ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ နယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသည်။



ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်သော ချုံချင့်မြို့ရှိ လျှပ်စစ်ကားနှင့်ပတ်သက်၍ စမ်းသပ်ထုတ်လုပ်နေသည့်စက်ရုံ (Modern Industrial College of New Energy Vehicles)၊ တိကျမှုမြင့်မားသောပစ္စည်းများ ထုတ်လုပ်စမ်းသပ်မှုများ ဆောင်ရွက်နေသော Genertec Guoce Time Grating ကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့သည်။

ထို့နောက် ချုံချင့်မြို့ရှိ ချုံချင့်နည်းပညာတက္ကသိုလ်သို့ သွားရောက်ပြီး မော်တော်ယာဉ်သင်ကြားရေးအထောက်အကူပြု စင်တာနှင့် တက္ကသိုလ်စာကြည့်တိုက်ကို လေ့လာခဲ့ပြီး တက္ကသိုလ်၏ အစည်းအဝေးခန်းမ၌ တရုတ်ကွန်မြူနစ်ပါတီ(ချုံချင့်မြို့) အတွင်းရေးမှူးချုပ်၊ ချုံချင့်နည်းပညာတက္ကသိုလ်၏အကြီးအကဲ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနကြီးမှူးများက တက္ကသိုလ်၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်နေသော သုတေသနလုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြ၍ ချုံချင့်နည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များ သဘောတူညီမှုရယူကာ တက္ကသိုလ်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးကာ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီ(ချုံချင့်မြို့) အတွင်းရေးမှူးချုပ် ချုံချင့်နည်းပညာတက္ကသိုလ်၏ အကြီးအကဲက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူငယ်ရေးရာ



### ကျိုက်ထိုမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

ကျိုက်ထို နိုဝင်ဘာ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်ရှိ မူလွန်-ရှမ်းစုကျောင်း၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးသန္တာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာပေလေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြိတ်မြို့ အထက(၆)၌ လူငယ်စကားဝိုင်း ကျင်းပ

မြိတ် နိုဝင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ်အချင်းချင်း အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းကို အထက(၆)မြိတ်တွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က အဖွင့်အမှာစကားပြောကြား၍ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူများက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်းနှင့် အမျိုးသားအောင်ပွဲနေ့အကြောင်း အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### မြဝတီမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

မြဝတီ နိုဝင်ဘာ ၇

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။




ဦးစွာ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာအောင်က အဖွင့်အမှာစကားပြောကြားပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပေးပြီး Grade-11 မှ မမြတ်နိုးသူက လူငယ်နှင့်ရည်မှန်းချက်၊ Grade-11 မှ မသဲပိုပိုလှိုင်က လူငယ်နှင့် ကြိုတင်ကာကွယ်သဘာဝဘေးအန္တရာယ်၊ Grade-11 မှ မောင်အောင်ပြည့်စုံက လူငယ်နှင့်နည်းပညာခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Ros-Congress Investments Fund) မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Ros-Congress Investments Fund) မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား နိုင်ငံသုံးငွေကြေးနှင့် ကုန်စည်များ (သို့မဟုတ်) ငွေကြေးပုံစံနှစ်မျိုးဖြင့် အသုံးပြုနိုင်သော ကုန်စည်များ ချိတ်ဆက်၍ ငွေကြေးတန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအပြန်အလှန် ပူးတွဲလုပ်ငန်းအဖွဲ့ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်ပေးချေမှုများအတွက် နှစ်နိုင်ငံသုံးငွေကြေးအသုံးပြုမှုကို မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးနိုင်ငံများ၏ ကုန်သွယ်မှုအပေါ်မူတည်၍ ကုန်စည်များအစုအဖွဲ့ (Commodities Basket) ကို အသုံးပြုပြီး ဒစ်ဂျစ်တယ်ငွေရေးကြေးရေးဆိုင်ရာ ရရန်ပိုင်ခွင့် (Digital Financial Asset) တစ်ခု သတ်မှတ်၍ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်သွားနိုင်ရေးအတွက် နှစ်ဖက်ပူးတွဲလုပ်ငန်းအဖွဲ့က ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရုရှားနိုင်ငံဗဟိုဘဏ်တို့၏ ဦးဆောင်မှုဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ ရွေးချယ်ထားသည့် Evrofinance Mosnarbank နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ရွေးချယ်မည့် နိုင်ငံပိုင်/ ပုဂ္ဂလိကဘဏ်များမှ ဆက်လက်၍ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုကိစ္စရပ်များ ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီကော်မတီ၏ ဒုတိယဥက္ကဋ္ဌနှင့် အထက်လွှတ်တော်အမတ်၊ Evrofinance Mosnarbank ၏ ဥက္ကဋ္ဌ၊ ငွေရေးကြေးရေးဆိုင်ရာ နည်းလမ်းများ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့အစည်း၏ သုတေသနအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားရေတပ်မှ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၇**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergey KURCHENKO နှင့် တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မြန်မာ-ရုရှားရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ရုရှားရေတပ်မှ ဖျက်သင်္ဘော(Destroyer)များဖြစ်သည့် စစ်ရေယာဉ် Admiral Tributs၊ Admiral Panteleev နှင့် Sea Tanker Pechenga တို့သည် ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ စစ်ရေယာဉ်များရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်း (Harbour Phase) လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန်ကာကွယ်ရေး လေ့ကျင့်ခန်းများနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်




**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ဦးစွာ အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၃၂ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း ၅၀၆၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၅၄ ဦး၏ကိုယ်စား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၃၂၉၃ သိန်းကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူးမြို့၌ ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မင်းဘူး နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်အနီး ရောဝတီမြစ်အတွင်းသို့ ယနေ့နံနက် ၇ နာရီခွဲတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့သည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါအခမ်းအနားသို့ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီး ဌာနမှူး ဦးထွန်းလှအောင်နှင့် ဝန်ထမ်းများ၊ မင်းဘူး (စကု) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်နှင့် ဝန်ထမ်းများ၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ တက်ရောက်၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးမြို့၌ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၇**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

**ဝိုင်းဝန်းဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့် မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ကြိုးပမ်းထမ်းဆောင်သွားရမည်ဖြစ်ပြီး ရည်မှန်းတာဝန်များကိုလည်း အထူးအလေးအနက်ထား လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရမည်ဖြစ်ကာ မူဝါဒများ အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အတွက် ငွေကျပ် ၁၇၀၃၆၀၀၀ ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က လက်ခံရယူပြီး နှစ်ပတ်လည်နေ့ အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့သည်။

**ကြည့်ရှု**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့်ဝတ်စုံများ ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မှတ်တမ်း Video Clip နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့သည့် မှတ်တမ်း Video Clip တို့ကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်တို့က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဘဏ္ဍာရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဘဏ္ဍာရေးဆပ်ကော်မတီ၏ (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ပြင်ဆင်ဖွဲ့စည်းခဲ့**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအတွင်း ယာဉ်မတော်တဆ ထိခိုက်မှု အန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် “အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)”ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကောင်စီ၏ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် ဆပ်ကော်မတီလေးခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။



ယာဉ်အန္တရာယ် ကင်းရှင်းရေး ရန်ပုံငွေ မထူထောင်နိုင်သေးမီ ကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် သင့်လျော်သည့် အသုံးစရိတ် ပမာဏကို မိမိတို့ဆောင်ရွက်ရမည့် ကဏ္ဍအလိုက် ဘတ်ဂျက်တွင်ထည့်သွင်းလျာထား၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

ယနေ့အစည်းအဝေးတွင် ရန်ပုံငွေထူထောင်နိုင်မည့် နည်းလမ်းများ၊ ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းများ၊ ရန်ပုံငွေများကို စနစ်တကျ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်မည့် နည်းလမ်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများကို ရငွေစာရင်းသို့ ထည့်သွင်းခြင်းကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခလောက်တရာကျေးရွာနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မရမ်းကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုနှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက အဆိုပါကျေးရွာနှစ်ရွာမှ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား အသင်းသူများနှင့်တွေ့ဆုံ၍ အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်မည့်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား လုပ်ငန်းများစတင်ချိန်တွင် ဌာနမှသတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ငွေစာရင်းပုံစံဖြည့်သွင်းဆောင်ရွက်ထားရှိမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်အတွက် ပျဉ်းမနားမြို့နယ်အဆင့် လူရွေးချယ်ပြိုင်ပွဲများ ကျင်းပ



**ပျဉ်းမနား နိုဝင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် အသက် ၁၈ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အားကစားနည်းခုနစ်နည်းဖြင့် ထူးချွန်လူရွေးချယ်ခြင်းကို ညောင်ပင်သာအားကစားကွင်း၊ အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားကွင်းနှင့် ပေါင်းလောင်းအားကစားကွင်းတို့တွင် ကျင်းပလျက်ရှိရာ ယနေ့တွင် အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ စားပွဲတင် တင်းနစ်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ပြိုင်ပွဲဝင် ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်ရမည်**

ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲ လူရွေးချယ်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ရွေးချယ်ခြင်းခံရသည့် ကျောင်းသားကျောင်းသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက် ၁၈ နှစ်အောက် ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

■

# ဂါဇာဒေသ၌ တိုက်ခိုက်မှုများရပ်စဲရေး အီရန်သမ္မတနှင့်အိန္ဒိယဝန်ကြီးချုပ်တို့တောင်းဆို

**တီဟီရန် နိုဝင်ဘာ ၇**

ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေး၏တိုက်ခိုက်မှုများကို အဆုံးသတ်ရေးအတွက် အီရန်သမ္မတ အီဘရာဟင်ရိုင်စီနှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့က နိုဝင်ဘာ ၆ ရက်တွင်တောင်းဆိုခဲ့သည်။

ဂါဇာဒေသတွင် အရပ်သားများအား သတ်ဖြတ်နေခြင်းကို ရပ်တန့်ရန်၊ အပစ်အခတ်ရပ်စဲရန်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဝင်ရောက်ခွင့်ပြုရန် ရိုင်စီက ပန်ကြားခဲ့သည်။

အမေရိကန်က အစ္စရေးအား ပဋိပက္ခဖြစ်စေရန် လက်နက်နှင့် ငွေကြေးအထောက်အပံ့ပေးနေပြီး ၎င်းဆောင်ရွက်ချက်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပဋိပက္ခပြီးဆုံးရေးဆောင်ရွက်ချက်ကို ဆန့်ကျင်နေကြောင်း ရိုင်စီက ထပ်လောင်းပြောကြားသည်။ ဂါဇာဒေသတွင်အရပ်သားများအား သတ်ဖြတ်နေခြင်းကို ရပ်တန့်ရန်နှင့် သံတမန် နည်းလမ်းအရ ဖြေရှင်းရေးအတွက် အိန္ဒိယဝန်ကြီးချုပ်မိုဒီက ပန်ကြားခဲ့သည်။

အစ္စရေး-ဟားမတ်စ် ပဋိပက္ခကြောင့် ဂါဇာတွင် ပါလက်စတိုင်း နိုင်ငံသား ၁၀၀၀၀ ကျော်နှင့် အစ္စရေးနိုင်ငံသား ၁၄၀၀ ကျော်သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**





# ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

**ကုလသမဂ္ဂ နိုဝင်ဘာ ၇**

အစ္စရေး-ဟားမတ်စ် ပဋိပက္ခတွင် ကလေးငယ်များသေဆုံးမှုများပြားလာသဖြင့် အပစ်အခတ်ရပ်စဲရေး ချက်ချင်းလုပ်ဆောင်ရန် တိုက်တွန်းထားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

၎င်းဖြစ်စဉ်ဖြစ်ပွားမှုအရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး အရေးတကြီးလိုအပ်နေကြောင်း ၎င်းက သတင်းထောက်များကို ထပ်လောင်းပြောကြားခဲ့သည်။

"ပဋိပက္ခဖြစ်ပွားနေတဲ့ သက်ဆိုင်ရာနိုင်ငံတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းဟာ ဒီဖြစ်စဉ်တွေကို ရပ်တန့်ဖို့နဲ့ ဂါဇာကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ သိသိသာသာချဲ့ထွင်ဖို့ ဆောင်ရွက်ရမှာဖြစ်တယ်"ဟု ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

ဟားမတ်စ် စစ်သွေးကြွများသည် အောက်တိုဘာ ၇ ရက်က ဂါဇာဒေသမှ အစ္စရေးနိုင်ငံသို့ ဝင်ရောက်စီးနင်းခဲ့ရာတွင် လူ ၁၄၀၀ ခန့် သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများ ဖြစ်သည်။

အစ္စရေး၏ လက်တုံ့ပြန်တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်တွင် ကလေး ၄၀၀၀ ကျော်အပါအဝင် လူ ၁၀၂၂၂ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မီဒီယာသမားများအား သတ်ဖြတ်ခြင်းကိုလည်း ဂူတာရက်စ်က ရှုတ်ချခဲ့သည်။ နယူးယောက်အခြေစိုက် သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ၏ပြောကြားချက်အရ ၎င်းပဋိပက္ခအတွင်း အနည်းဆုံး သတင်းထောက် ၃၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် တစ်လအတွင်း သတင်းထောက်များအပြင် ကုလသမဂ္ဂ အကူအညီပေးရေးဝန်ထမ်း ၈၉ ဦးသတ်ဖြတ်ခံရကြောင်း ဂူတာရက်စ်က ပြောကြားသည်။

ကယ်ဆယ်ရေးထရပ်ကားများသည် ရာဖာနယ်စပ်ဖြတ်၍ အီဂျစ်မှ ဂါဇာကမ်းမြောင်သို့ ရောက်ရှိလာသော်လည်း မော်တော်ယာဉ်လုံခြုံရေးစစ်ဆေးမှုအတွက် အချိန်လိုအပ်သည်ဟု အစ္စရေးက ပြောကြားခဲ့သည်။ လောင်စာဆီပြတ်လပ်ပါက မွေးကင်းစကလေးငယ်များနှင့် လူနာများသေဆုံးဖွယ်ရှိသည်ဟု ဂူတာရက်စ်က ထပ်လောင်းပြောကြားသည်။ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအရ အစ္စရေး၊ ပါလက်စတိုင်းနိုင်ငံများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ**



# ယခုနှစ်ပထမ ၁၀ လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု သုည ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်

**ပေကျင်း နိုဝင်ဘာ ၇**

ယခုနှစ် ပထမ ၁၀ လတာ ကာလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်း ကုန်ပစ္စည်းတင်သွင်းခြင်းနှင့် တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၀၃ ရာခိုင်နှုန်း တိုးလာကာ ဝင်ငွေအားဖြင့် ယွမ် ၃၄ ဒသမ ၃၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈ ထရီလီယံခန့်) ရှိကြောင်း နိုဝင်ဘာ ၇ ရက်တွင် ဖော်ပြသည့် တရားဝင် အချက်အလက်များအရ သိရသည်။

ပို့ကုန်တင်ပို့မှုတန်ဖိုးသည် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယွမ် ၁၉ ဒသမ ၅၅ ထရီလီယံရှိခဲ့ကာ တစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၄ ရာခိုင်နှုန်း တိုးလာပြီး သွင်းကုန်တန်ဖိုးမှာ ယွမ် ၁၄ ဒသမ ၇၇ ထရီလီယံသို့မဟုတ် ယခင်နှစ်က ထက် သုည ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း အကောက်ခွန်ဌာနမှ သိရသည်။

အောက်တိုဘာလ တစ်လအတွင်း မှာပင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယွမ် ၃ ဒသမ ၅၄ ထရီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ အောက်တိုဘာလအတွင်း ပို့ကုန်သည် ယခင်လကထက် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

၂၀၂၃ ခုနှစ် ပထမ ၁၀ လတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေသည်။ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ယွမ် ၅ ဒသမ ၂၃ ထရီလီယံအထိ မြင့်တက်ခဲ့ပြီး နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးသည် ၁၅ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း တရုတ်နှင့် ဥရောပသမဂ္ဂတို့၏ ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားပြီး အမေရိကန်နှင့် ကုန်သွယ်မှုမှာလည်း ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စက်ပစ္စည်းနှင့် အီလက်ထရွန်နစ် ထုတ်ကုန်များ တင်ပို့မှုသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်လာပြီး မော်တော်ကားတင်ပို့မှု တန်ဖိုးသည်လည်း လွန်ခဲ့သည့်နှစ်က ထက် ၈၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**




# ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း မလေးရှားနိုင်ငံ၏ လူဦးရေ ၁ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်

**ကွာလာလမ်ပူ နိုဝင်ဘာ ၇**

မလေးရှားနိုင်ငံ၏ လူဦးရေသည် ၂၀၂၂ ခုနှစ် တတိယသုံးလပတ်တွင် ၃၂ ဒသမ ၉ သန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ် တတိယသုံးလပတ်တွင် ၃၃ ဒသမ ၅ သန်းရှိခဲ့ခြင်းကြောင့် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း တရားဝင်အချက်အလက်များကို နိုဝင်ဘာ ၇ ရက်တွင် ဖော်ပြထားသည်။

**ဖော်ပြထား**

အမျိုးသားဦးရေသည် ၂၀၂၂ ခုနှစ် တတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၂ သန်းမှ ၁၇ ဒသမ ၅ သန်းအထိ တိုးလာခဲ့ပြီး အလားတူကာလအတွင်း အမျိုးသမီး ၁၅ ဒသမ ၇ သန်းမှ ၁၆ သန်းအထိ တိုးလာခဲ့ကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် တတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ် တတိယသုံးလပတ်တွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား လူဦးရေသည် ၂၂ ဒသမ ၉ သန်းမှ ၂၃ ဒသမ ၄ သန်းအထိ တိုးလာခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် တတိယသုံးလပတ်ကာလအတွင်း သေဆုံးသူ စုစုပေါင်း ၄၆၆၇၆ ဦး ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် တတိယသုံးလပတ်တွင် သေဆုံးသူ ၅၁၈၄၁ ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူအရေအတွက်တွင်မူ ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆောင်ရွက်

**အစ္စလာမာဘတ် နိုဝင်ဘာ ၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်း အပြည့်ပြည့်ဆိုင်ရာ ကျန်းမာရေးလွှမ်းခြုံမှုအစီအစဉ်ကို ပံ့ပိုးကူညီရန်အတွက် ပါကစ္စတန်အစိုးရနှင့် နားလည်မှုစာချွန်လွှာကို နိုဝင်ဘာ ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ရေဒီယို ပါကစ္စတန်သတင်းဌာနက ပြောကြားသည်။

ယင်းအစီအစဉ်အရ ပါကစ္စတန်နိုင်ငံတွင် မရှိမဖြစ်လိုအပ်သော စက်ကိရိယာများနှင့် လူနာတင်ယာဉ်များ ပံ့ပိုးပေးမည်ဖြစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ ပြုပြင်မွမ်းမံရာတွင် လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မည်ဖြစ်ပြီး ကုသရေးအတွက် မိုဘိုင်းယူနစ်များ ဖြန့်ကြက်ချထားပေးမည်ဖြစ်ကြောင်း WHO က ပြောကြားသည်။

ယခုဆောင်ရွက်မည့် အစီအစဉ်အရ ပါကစ္စတန်နိုင်ငံရှိကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၉၀၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၈၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် (၁၃၁) လမ်း ၆၁ (B) မန္တလေးစက်မှုဇုန်၌ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nabati Wafer ထုပ် ၁၂၉၆၀ နှင့် Nyra ကော်ဖီချိုချဉ်ဘူး ၃၂၀၊ Cotton Fabric ကီလိုဂရမ် ၉၉၀၀၊ DIKLO–M Ceftriaxone Injection ပိုးသတ်ဆေးဘူး ၄၀၀ အပါအဝင် ကုန်ပစ္စည်း ၄၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၀၆၄၂၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် စက်မှုဇုန်ထုတ် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၈၀၆၄၂၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၆ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဆွမ်ပရာဘွမ် လမ်းမကြီးအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Nissan Nivara တစ်စီးနှင့် Toyota Hilux တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အပြင် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်းဘေး မိုင်တိုင်အမှတ် (၅၈/၃) ဖာလုံနှင့် (၅၈/၄) ဖာလုံ၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် သုည ဒသမ ၈၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Ipsum တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် မျက်နှာကြက်မီးဆိုင်း အခု ၅၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် စာရေးကိရိယာပစ္စည်းများ ဖြစ်သည့် Paper Roll ၄၃၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၂၀၀၀၀ ) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၁၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၃ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၅၄၂၄၅ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ် မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၇

တောင်ဥက္ကလာပမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ဦးသန်းဝင်း(ခ)ဖက်တီးနှင့်အောင်ထွန်းသိန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မင်္ဂလာလမ်းမပေါ်တွင် ဦးသန်းဝင်း(ခ)ဖက်တီး မောင်းနှင်၍ အောင်ထွန်းသိန်း လိုက်ပါလာသည့် Toyota Alphard အမျိုးအစား ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် မသင်္ကာဖွယ် တွေ့ရှိသူ ကျော်မျိုးထွေးနှင့် မြတ်ကျော်ထွန်းတို့အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၃ ကီလို ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** အရောက်လှမ်းခဲ့ပါနော် အာဒါတို့ရှိရာ ဒန်းစီးပွဲတော်
**၀၉:၃၅** စိုက်ပျိုးမွေးမြူသုတဘဏ် "စနစ်တကျပုစွန်မွေးမြူရေးနှင့် ဈေးကွက်အလားအလာ"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** တောင်ပိုင်းပိုးလမ်းမသစ်တရုတ်–မြန်မာ အခန်းကဏ္ဍများ (အပိုင်း–၁၇)
**၁၁:၁၀** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'** (အပိုင်း–၂၂)
**၁၃:၀၀** သီချင်းကြိုးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၅၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း–၅၅)
**၁၅:၃၀** Weekly Soccer Preview
**၁၆:၃၅** ရွှေသို့ချီမည်ပန်းတိုင်ဆီ
**၁၇:၁၅** မျိုးဗုဇ်တင့်စေဆိုကရေးတီးအငွေ
**၁၇:၂၅** အိပ်မက်လမ်းကိုဖြတ်သန်း...ရဝေးအဒမ်း
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) **'အကောင်းဆုံးအငြိမ့်ပွဲ'**
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'** (အပိုင်း–၂၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ **'ဝဏ္ဏုပထလုည်းသားငါးရာ'**
**၂၁:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံဝမ်းဖော်ထုတ်'** (အပိုင်း–၇)

**mitv**

**07:01** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:10** Listening Pleasure, Instrumental Music (Mandolin) Glory of Love
**07:23** Commercial Farming to GDP Growth, Cassava Grower
**07:42** Discovering Tribes: Taisun (Their Life and Customs)
**08:01** News
**08:27** Enchanting Myeik
**08:42** International Day of Radiology
**08:48** Tigers, Lions and the Guardians
**09:01** The Rising Glory Of Myanmar Arts
**09:31** Up Against The Tide
**09:48** A Tea Business Pankwan (Part-2)
**10:01** News

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** ရာမညမြေမှအမွေအနှစ်များ
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** မြန်မာပြည်တစ်လွှားလှူထိအာထိ ရခိုင်ဟင်းလျာများ (အပိုင်း–၂)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)** ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ငါးပေါင်းချက်စားကြမယ်
**ကယား (၁၆:၀၀ မှ ၁၈:၀၀)** စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့
**ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)** အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်စကားပုံများအကြောင်း (အပိုင်း–၁)
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲလိန်းအင်တာဗျူး
**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** နွားနောက်ပြီးစွပ်ပြုတ်
**ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀)** တိုးတက်မြင့်တင် ချင်းတောင်တန်းကစိုက်ပျိုးစီးပွား အသွင်အပြင်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** တောင်ပိုင်းပိုးလမ်းမသစ်တရုတ်–မြန်မာ အခန်းကဏ္ဍ (အပိုင်း–၁၆)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၄၅** Football Highlights
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'သီလျက်နဲ့ ထိမ်ချန်မှု'**
**၁၀:၀၀** ပြည်သူအားလုံးနှင့် သက်ဆိုင်သည့်အနာဂါတ် ဒီမိုကရေစီ (အပိုင်း–၂)
**၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
**၁၁:၀၀** ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၁၅)
**၁၈:၀၀** Economic Review (အပိုင်း–၂၇) "လက်ရှိစီးပွားရေးအခက်အခဲတွေကို ဘယ်လိုကျော်လွှားမလဲ"

**MRTV FARMERS' / HTV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၅** အရှိန်အဟုန်မြင့်ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး
**၀၆:၄၀** တောင်သူ့ဘဝသုတကဏ္ဍ
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၁၈:၀၀** ကိုကိုင်လက်မ (ဇာတ်လမ်း)
**၂၂:၀၀** ကိုးရောင်ခြယ်အနမ်း (ဇာတ်လမ်း)
**၂၃:၃၀** How to Grow Papaya-TvAgro By Juan Gonzalo Angel

**MRTV SPORTS / HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** ရွှေရောင်မျိုးဆက်သစ်များနဲ့ တွေ့ဆုံခြင်း
**၀၆:၄၅** Weekly MNL Review
**၁၆:၃၀** MNL 2022 Match (Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၃၅** Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နိုဝင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "နွယ်လေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာနေ သန်းနွယ်အား နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Honey Min Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၈)နေ ဟန်နီမင်းမင်း(ခ) ဟန်နီအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Than Than Myint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် တိုက်ကြီးကုန်းကျေးရွာနေ သန်းသန်းမြင့်အား မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "Chaw Chaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ် ကူမဲမြို့ အမှတ်(၁) ရပ်ကွက်နေ နှင်းနှင်းဦး(ခ) မချောအား ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# PDF အမည်ခံ အကြမ်းဖက်သမားများက စစ်တောင်းမြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်နေသည့် ဒေသခံပြည်သူများကို Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူလေးဦး သေဆုံး၊ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် တနော်ကျွန်းကျေးရွာအနီး စစ်တောင်း မြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်နေသည့် ဒေသခံပြည်သူများကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဝေါမြို့နယ် တနော်ကျွန်း ကျေးရွာအနီး စစ်တောင်း မြစ်ကမ်းဘေးရှိ ဒေသခံပြည်သူများ အလုပ်လုပ်ကိုင်နေသည့် သဲကွင်းနေရာသို့ PDF အမည်ခံ အကြမ်းဖက်သမားများက အမြင့်မီတာ ၅၀၀ ခန့်အကွာမှ Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အေးချမ်းစွာ အလုပ်လုပ်ကိုင်လျက်ရှိသော အပြစ်မဲ့ဒေသခံပြည်သူအမျိုးသားလေးဦး သေဆုံးပြီး အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦး ပေါင်း ခြောက်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။




PDF အမည်ခံ အကြမ်းဖက်သမားများက စစ်တောင်းမြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်ကိုင်နေသည့် ဒေသခံပြည်သူများကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

အဆိုပါ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ ဝေါမြို့နယ် တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား သေဆုံး၊ ဒဏ်ရာရရှိအောင် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၁၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၄၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၂၈ |
| 95 Ron | ၂၀၅၃ | ၂၁၂၇ |
| HSD (500 ppm) | ၂၀၈၈ | ၂၁၆၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၇၄ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပန်းတောင်းမြို့နယ်၌ တီရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပန်းတောင်း နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးဆောင်၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက်မှစ၍ စာရင်းကောက်အဖွဲ့များခွဲကာ မြို့နယ်ကော်မတီအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်သွားမည်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာ ၄၂ ရွာအား အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်း တက်ရောက်ခဲ့ကြသော ကျေးရွာ CHAW များက အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ ဒီဇင်ဘာ ၃၁ ရက်အထိ အိမ်တိုင်ရာရောက် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် စိုက်ပျိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်



မုံရွာ နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကေသိန်း ၉၀ စိုက်ပျိုးလျက်ရှိ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စုစုပေါင်းမြေဧရိယာဧက ၂၃၁ သိန်းကျော်ရှိသည့်အနက် အသားတင်စိုက်ပျိုးမြေ ၄၅ ဒသမ ၆ သိန်းကျော်ရှိပြီး သီးထပ်၊သီးညှပ်ဧကသိန်း ၉၀ စိုက်ပျိုးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးတွင် နှစ်စဉ်မိုးစပါးဧက ၁၈ သိန်း၊ နွေစပါးဧက သုံးသိန်း စုစုပေါင်း ၂၁ သိန်းကို ပုံမှန်စိုက်ပျိုးနိုင်ခဲ့သည့် တိုင်းဒေသကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ စိုက်ပျိုးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင် သီးနှံအလိုက် မျိုးကောင်း၊ မျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်းမွန်သည့် မျိုးများဖြန့်ဖြူးခြင်း၊ တောင်သူများလိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ လွယ်ကူစွာ ရရှိသုံးစွဲနိုင်ရေး ကူညီပေးခြင်း၊ သီးနှံအလိုက်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး စိုက်ပျိုးရေးနည်းပညာပေး စံပြကွက်များ စိုက်ပျိုးပြီး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်၍ တောင်သူများအား ပညာပေးခြင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းများအား နည်းပညာပေးသင်တန်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

စိုက်ပျိုးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းဆောင်ရွက်ရန် လိုအပ်သလို စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး မြှင့်တင်ပေးရန်နှင့် သီးထပ်စွမ်းအားများအား မြှင့်တင်နိုင်အောင်လည်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍများစွာ တိုးတက်လာမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရန်ကျန်ရှိသည့် မြေဧရိယာများတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ပါက တိုင်းဒေသကြီး၏ဝင်ငွေများ တိုးတက်ရရှိနိုင်မှာ ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၏ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းပြီး ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးမြေများ သီးထပ်စွမ်းအား မြှင့်တင်ရေး စာတမ်း၊ စပါးနှင့် အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါသီးနှံနှင့်ကြံသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် မြေဆီလွှာအာဟာရဖြည့်တင်းရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများအား ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးနှင့် တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ဆန်းတို့က စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြု ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်ပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး မိမိတို့ဌာနများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါရုံးဝင်းအတွင်းရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးပြခန်း၊ စားရေရိက္ခာဖူလုံရေး အထောက်အကူပြု ဟင်းသီးဟင်းရွက်၊ သီးပင်စားပင်နှင့် အိမ်တွင်းအလှစိုက်အပင်များပြခန်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအား တိုးတက်ရေး နည်းပညာပေး ပြခန်းများနှင့် စားဖိုဆောင်သီးနှံစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၅)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ




လှိုင်ကော် နိုဝင်ဘာ ၇

ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိသော ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဌာနနှစ်ပတ်လည်နေ့အတွက် ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဝန်ထမ်းများအား နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။

(၁၅)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ ဗလာမပါကံစမ်းမဲ ဖောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ခိုင်ကမ်းမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ပြုလုပ်

**ခိုင်ကမ်း နိုဝင်ဘာ ၇**

ချင်းပြည်နယ် ခိုင်ကမ်းမြို့ အစည်းအဝေးခန်းမ၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအား ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးဦးထန်ဂင့်ဆုမ်းက အဖွင့်အမှာစကား ပြောကြားပြီး ဌာနခွဲစာရေး ဦးခွါလ်ငိုက်လျန်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်း နှစ်ဦးအား ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ စံပြဝန်ထမ်းဆုရရှိသည့် အငယ်တန်းစာရေး ဒေါ်ဒိမ်ငိုက်ကိမ်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ခြင်းနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲမြင့်အောင်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၁၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၆-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သဘာဝကုန်ကြမ်းပစ္စည်းဖြင့် ပြုလုပ်ထားသည့် “ဈာန်” သဘာဝ ဓနိဖူးခြောက်လုပ်ငန်း

## တွေ့ဆုံမေးမြန်း – နှင်းဆီနွယ်၊ ဓာတ်ပုံ– သူရအောင်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းကို အားပေးဆောင်ရွက်ကာ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်ပြပွဲများကျင်းပခြင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်း TALK SHOW များ ကျင်းပခြင်း၊ နည်းပညာများ လွှဲပြောင်းပေးခြင်း၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲနှင့် ပြပွဲများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ငွေကြေးဆိုင်ရာ သုံးစွဲခွင့် MSME မှတ်ပုံတင်ခြင်း၊ လုပ်ငန်းလမ်းညွှန်အကြံပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် MSME များ အရှိန်အဟုန်ဖြင့် ကြီးပွားတိုးတက်လာပါက နိုင်ငံ့စီးပွားရေးမှာလည်း မြင့်မားလာမည်ဖြစ်သည်။

အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် One Region One Product (OROP) ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု အစီအစဉ်သည် ကျေးလက်နေမိသားစုဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အသက်မွေးဝမ်းကျောင်း ပိုမိုခိုင်မာလာစေရေးနှင့်ကျေးလက်နေပြည်သူများ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးနိုင်သည်။ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခုလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်းသဲကျေးရွာရှိ “ဈာန်” သဘာဝ–ဓနိဖူးခြောက်လုပ်ငန်း လုပ်ကိုင်နေသော ဦးသိန်းနိုင်နှင့်တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။

**မေး။ ။ ဓနိဖူးခြောက်လုပ်ငန်းကို ဘယ်အချိန်က စဆောင်ရွက်ဖြစ်ပါသလဲ။**

ဖြေ။ ။ ၂၀၁၆ ခုနှစ်က စတင်လုပ်ဆောင်ပြီး ဈေးကွက်ထဲကို ၂၀၂၀ ပြည့်နှစ်က စတင်ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ထုပ်ပိုးမှုပုံစံပြောင်းလိုက်မှ ရောင်းအားတက်လာပါတယ်။

**မေး။ ။ ဓနိဖူးခြောက် ထုတ်လုပ်ဖို့အတွက် ကုန်ကြမ်းကို ဘယ်လိုရရှိပါသလဲ။**

ဖြေ။ ။ ကိုယ်ပိုင်ဓနိခြံ ဧက ၈၀ ရှိပါတယ်။ အဲဒီက ရတာပါ။

**မေး။ ။ ဓနိဖူးခြောက်ကို ဘယ်ကာလတွေမှာ ထုတ်လုပ်ဖြစ်ပါသလဲ။**

ဖြေ။ ။ ဓနိဖူးခြောက်ကို ဒီဇင်ဘာလကနေ ဧပြီလအထိ တစ်နှစ်မှာ ငါးလဆောင်ရွက်ရပါတယ်။ ဓနိဖူးကို ခြောက်သွေ့အောင် နေလှန်းရတဲ့အတွက် နွေရာသီမှာပဲ ဆောင်ရွက်လို့ရပါတယ်။

**မေး။ ။ ဓနိဖူးခြောက်စလုပ်ဖြစ်ပုံကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဓနိခြံရှိတဲ့အတွက် ဓနိရဲ့အသုံးဝင်ပုံတွေကို လေ့လာပြီး သင်တန်းတွေတက်ပါတယ်။ ပညာရှင်တွေကို မေးမြန်းပြီး ဆောင်ရွက်ပါတယ်။ ဓနိတစ်ပင်လုံး အမျိုးမျိုးအသုံးပြုလို့ရပြီး အဲဒီအထဲမှာ တစ်ပင်လုံးရဲ့အသက်ဟာ ဓနိဖူးလေးဖြစ်ပါတယ်။ အင်မတန်မှ ဆေးဖက်ဝင်တဲ့အတွက် ဒီလုပ်ငန်းကို စလုပ်ဖြစ်ခဲ့ပါတယ်။ အရင်ကတော့ အိမ်မိုးတဲ့ ဓနိဖက်လုပ်ငန်းပဲ ဆောင်ရွက်တာပါ။

**မေး။ ။ ဓနိဖူးခြောက်ဆောင်ရွက်ပုံကို ပြောပြပေးပါရှင်။**

ဖြေ။ ။ ရာသီဥတုကောင်းမွန်မှသာ ဓနိပင်မှ ဓနိဖူးခုတ်ဖို့ လုပ်သားငါးဦး ငှားရမ်းပြီး ဆောင်ရွက်ရပါတယ်။ ဓနိပင်က နုန်းတင်မြေနုထဲမှာပေါက်တဲ့အတွက် ရေအထပ်ထပ်ဆေးပြီး ရေစစ်ထားရပါတယ်။ ပြီးရင် ပွင့်ဖတ်၊ ရိုးတံအမျိုးအစားခွဲကာ ကွမ်းညှပ်နဲ့ ပါးပါးဖြတ်ပြီး ချက်ချင်းနေလှန်းရပါတယ်။ နေလှန်းနောက်ကျပါက အရောင်ပြောင်းပြီး လေလွင့်ခြင်း၊ အာနိသင်ပျက်ခြင်း ဖြစ်ပေါ်တတ်သဖြင့် ခြောက်သွေ့ပြီး စိုထိုင်းဆမကျန်အောင် ဆောင်ရွက်ရပါတယ်။ ပြီးမှသာ ထုပ်ပိုးသိမ်းဆည်းတာတွေ ဆောင်ရွက်ပါတယ်။





**မေး။ ။ ဓနိဖူးခြောက်အသုံးပြုပုံကို ပြောပြပေးပါဦး။**

ဖြေ။ ။ သဘာဝဓနိဖူးခြောက်ကို ပုံစံနှစ်မျိုး ထုပ်ပိုးထားပါတယ်။ Net Weight – 50gm အထုပ်ကြီးတစ်ထုပ်၊ (50)gm အထုပ်သေး ၁၀ ထုပ် နှစ်မျိုးထုပ်ပိုးထားပါတယ်။ အထုပ်ကလေးတစ်ထုပ်ကို ရေတစ်လီတာစိမ်ပြီး သောက်သုံးနိုင်ပါတယ်။ အနံ့လေးသင်းပြီး သောက်ရလွယ်ကူစေကာ အာမခံကာလနှစ်နှစ်ပေးထားပါတယ်။ အဲဒီကာလမှာ အရောင်မပြောင်းပါဘူး။ အမြဲသောက်သုံးပါက အရွယ်တင်နုပျိုစေပါတယ်။ (ဆီးချိုဆေးသောက်သုံးနေသူများ ဆီးချိုဆေးနှင့် တွဲဖက်သောက်သုံးရန် မသင့်ပါ။)

**မေး။ ။ ဓနိဖူးခြောက်ကိုအသုံးပြုပါက ကျန်းမာရေးအထောက်အကူပြုပုံလေးကို သိပါရစေရှင့်။**

ဖြေ။ ။ ဓနိဖူးခြောက်ရေနွေးရဲ့ အာနိသင်တွေကတော့ သွေးတိုး၊ ဆီးချို၊ သွေးတွင်းအဆီဓာတ်တွေကို ချေဖျက်နိုင်တယ်။ အစာအိမ်သမား၊ ကင်ဆာဖြစ်နေသူတွေအတွက် သက်သာစေတယ်။ ဓနိထွက်ပစ္စည်းဟာ သဘာဝအော်ဂဲနစ်ဖြစ်တဲ့အတွက် ဂျင်ဆင်းထက် ဓနိဖူးမှာ Antioxidant အဆပေါင်း ၄၄ ဆ ပိုတယ်လို့ ကိုရီးယားအစားအစာနှင့် အာဟာရပညာရှင်တွေက ဆိုပါတယ်။ ဆေးဖက်ဝင် အဖိုးတန်ရတနာတစ်ပါးဖြစ်ပြီး သိရှိသူနည်းလှပါတယ်။ Google မှာ ရှာဖွေနိုင်ပါတယ်။

**မေး။ ။ သဘာဝဓနိဖူးခြောက်ကို ဘယ်ဒေသတွေ ဖြန့်ချိပါသလဲ။**

ဖြေ။ ။ မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိပါတယ်။ သဘာဝဓနိဖူးခြောက်ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင် ကုန်စည်ပြပွဲတွေမှာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ကိုယ်စားလှယ်ဈေးနှုန်းနဲ့ ဖြန့်ချိဆောင်ရွက်ပေးတဲ့အတွက် ပစ္စည်းလူသိများပြီး ရောင်းအားကောင်းလာပါတယ်။ မိသားစုတစ်ပိုင်တစ်နိုင် ဆောင်ရွက်တာဖြစ်တဲ့အတွက် ဝင်ငွေလည်းတိုးပြီး စီးပွားရေးအဆင်ပြေပါတယ်။

**မေး။ ။ စားသုံးသူပြည်သူတွေကို ဘာပြောချင်တာရှိပါသလဲရှင်။**

ဖြေ။ ။ သဘာဝဓနိဖူးခြောက်ကို သောက်သုံးကြပါ။ ဝယ်ပြီးသောက်သုံးမှ မဟုတ်ပါဘူး။ ဓနိထွက်တဲ့ဒေသတိုင်းမှာ မိမိမြို့ရွာမှာရှိတဲ့ ဓနိပင်က ဓနိဖူးခြောက်ကို ရေနွေးနဲ့သောက်သုံးနိုင်ပါတယ်။ သောက်သုံးသူတိုင်း အကျိုးအာနိသင်ကောင်းတွေ လက်တွေ့ရရှိပြီး ကျန်းမာရေးပိုမိုကောင်းမွန်ပါတယ်။

မွန်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် One Region One Product အစီအစဉ်ဖြင့် မိမိဒေသနှင့်ကိုက်ညီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရေး သက်ဆိုင်ရာဌာနနှင့် လုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်သွားပါက လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် သဘာဝဓနိဖူးခြောက်အသုံးပြုခြင်းဖြင့် ကျန်းမာရေး အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။








ထုပ်ပိုးပြီးသော ဓနိဖူးခြောက်များကို တွေ့ရစဉ်။

# ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL- 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလ ဖာဒိုင် အောက် ဆိုဒ်</th><th>နိုက်ထရို ဂျင်ဒိုင် အောက် ဆိုဒ်</th><th>အို ဇုန်း</th><th>ကာဗွန် မို နောက် ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံ မြို့နယ်၊မန္တလေးမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>အမရပူရမြို့</td><td colspan="6"></td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကလေးမြို့</td><td>ခံနိုင်ရည် နည်းပါး သူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကသာမြို့</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td></tr>
<tr><td></td><td>၄</td><td>ဟုမ္မလင်းမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြိတ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td></td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပခုက္ကူမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကယားပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>လွိုင်ကော်မြို့</td><td colspan="4"></td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="4">ကောင်းမွန်</td><td colspan="2"></td></tr>
<tr><td>၁၂</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဖြူမြို့</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၃</td><td>သံတွဲမြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၄</td><td>မြောက်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၃</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2"></td><td colspan="2">ကောင်းမွန်</td><td colspan="2"></td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>လားရှိုးမြို့</td><td></td><td colspan="2">လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td colspan="5"></td></tr>
<tr><td>၁၄</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟသ်ာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာန မှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ တပ်မတော်ဆေးရုံ (ခုတင်-၂၅) ၌ အခြေပြု၍ အဆိုပါရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၁၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၃၄၂ ဦး၊ ခွဲစိတ်ရောဂါ ၇၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၈ ဦး၊ ကလေးရောဂါ ၅၄ ဦး၊ အရိုးရောဂါ ၁၃၉ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၆၈ ဦး၊ မျက်စိရောဂါ ၂၁၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၁၀ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်နေမှုများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ ဆေးရုံတက်ရောက်နေသည့် လူနာများနှင့် မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် ငပုတောမြို့နယ် ကန်မလာကျေးရွာနေ ဦးမြင့်ဦး၏ဇနီးဖြစ်သူ ဒေါ်အိရွှေစင်၏ သုံးယောက်မြောက် သမီးရတနာကို သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီး ဉာဏ်လင်းအောင်က တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ပေါ်၌ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီ ၇ မိနစ်တွင် မွေးဖွားပေးခဲ့ရာ ကိုယ်အလေးချိန် ခုနစ်ပေါင်ရှိပြီး မိခင်နှင့် ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါကလေးငယ်အတွက် ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ ပေးအပ်သည့် ထောက်ပံ့ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှူးက ပေးအပ်ခဲ့သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ် မွေးဖွားသည့်ကလေးငယ် ဖြစ်ပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၏ ဆေးကုသမှုသမိုင်းမှတ်တမ်းတွင် အယောက် ၂၀ မြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ယနေ့မွန်းလွဲပိုင်းတွင် ငပုတောမြို့နယ် ညောင်ဝိုင်းကျေးရွာနေ ဦးသီဟ၏ဇနီးဖြစ်သူ ဒေါ်နန်းမိုးထွေး၏ ဒုတိယမြောက်သမီးရတနာကို တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီး ဉာဏ်လင်းအောင်က ခွဲစိတ်မွေးဖွားပေးခဲ့ရာ ကိုယ်အလေးချိန် ခြောက်ပေါင်ရှစ်အောင်စရှိပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်မှုရှိကြောင်းနှင့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)၏ ဆေးကုသမှုသမိုင်းမှတ်တမ်းတွင် ၂၁ ဦးမြောက်ကလေးငယ် ဖြစ်ကြောင်း သိရသည်။

အလားတူ တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဟသ်ာတမြို့ရှိ လယ်တော်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၅၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၈ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၁၃ ဦး၊ အရိုးရောဂါ ၁၂၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၆ ဦး၊ မျက်စိရောဂါ ၁၀၆ ဦးနှင့် သွားရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါ အားဖြည့် ကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် ဒေသခံပြည်သူ ၁၂၀ တို့ကို ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ယင်းနောက် လယ်တော်ပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား သွားရောဂါကုသမှုပါရဂူက သွားနှင့်ခံတွင်း ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောပြီး ကလေးကုသမှုပါရဂူနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူတို့က ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရသည်။



နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်တွင် ဟသ်ာတမြို့ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




**မသဇင်အောင်**
**(မဲခရဲကျေးရွာ၊ ဟိုင်းကြီးကျွန်း)**

"ကျန်ခဲ့တဲ့နှစ်က ကျွန်မတို့ ဟိုင်းကြီးကျွန်းကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ဆေးကုသပေးလို့ နား သွားပြလိုက်ပါတယ်။ သက်သာပါတယ်။ အခု တစ်ခေါက်လည်း ကျွန်မတို့ မဲခရဲကျေးရွာကနေ ဟိုင်းကြီးကျွန်းကို လာရောက် ဆေးကုသမှုခံယူတာပါ။ အခုကျောက်ကပ်ရောဂါ ဖြစ်နေလို့ ဆေးကုသမှုခံယူဖို့လာတာပါ။ အခုလို လာရောက်ကုသပေးတဲ့အဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဦးတည်း မဟုတ်ပါဘူး။ လူကြီး၊ လူငယ်အကုန်လုံးကို လာရောက်ပြီး ကုသပေးရတဲ့အတွက် ဒီထက်မက တစ်နှစ်ပြီးတစ်နှစ် လာရောက်ကုသပေးစေချင်ပါတယ်။ အခုလို့ စီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နဲ့ တာဝန်ရှိသူများအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။




**ဦးကံမြင့်**
**(ရွှေစေတီရပ်ကွက်၊ ဟသ်ာတမြို့)**

"မျက်စိကွယ်သွားလို့ မျက်စိမမြင်ရလို့ လာရောက်ကုသခြင်းဖြစ်ပါတယ်။ အခုမှပဲ ကျွန်တော်တို့လည်း စေတနာဆရာဝန်ဆိုတာ ဒီတစ်ခါပဲ မြင်ဖူးတော့တယ်။ သိပ်တော့မကြာသေးဘူး။ တစ်ဖက်တည်းမြင်နေရတာ ၁၀ ရက်လောက်တော့ရှိပြီ။ ခုလိုက်ပြီးကုသပေးနေတယ်ကြားလို့ ကျွန်တော်လည်း လာရောက်ကုသမှုခံယူတာပါ။ လာပြီးကုတော့ ခုမြင်ရတော့ ဝမ်းလည်းသာပါတယ်။ ဒီကလုပ်ပေးတာ တော်တော်စေတနာပါတယ်။ အဲ့ဒါကြောင့်မလို့ စေတနာဆရာဝန် ဒီတစ်ခါပဲ မြင်ဖူးတာလို့ ပြောတာဗျ။ ကုပေးတဲ့ဆရာဝန်တွေရော၊ ကျွန်တော့်ကို ဝိုင်းဝန်းလုပ်ကိုင်ပေးတဲ့သူတွေကိုရော အများကြီး ဝမ်းသာပါတယ်။ ခုလိုကုသပေးတဲ့ ဆရာတွေကိုလည်း အများကြီးကျေးဇူးလည်း တင်ပါတယ်။ စေတနာဆရာဝန်ရှိတယ်ဆိုတာ ဒီတစ်ခါပဲမြင်ဖူးပါတယ်"ဟု ပြောသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၆-၁၁-၂၀၂၃ ရက်မှအဆက်

သို့သော် ဘယ်အချိန်က သူ့နောက်တွင် ရောက်နေမှန်းမသိသော သူ့သူငယ်ချင်း သာထူးက သူ့လက်မောင်းတစ်ဖက်ကို ချုပ်ကိုင်ဆွဲထားလိုက်သည်။ အနားရှိ လူများသည်လည်း ရုတ်ရုတ်ရက်ရက် ဖြစ်သွားသည်။

"ဟေ့ကောင်၊ ဆယ်ရင်။ လာ၊ ပြန်မယ်။ ဘယ့်နှယ့် နေရာမဟုတ်တဲ့နေရာမှာ ဘယ့်နှယ့် လာပြောနေရတယ်လို့"

စုပေါင်းထန်းလုပ်ငန်း ဘုံထန်းတောအဖွဲ့မှ သာထူးသည် ဆယ်ရင်အား ပြောပြောဆိုဆိုနှင့် ဆွဲခေါ်သွားတော့သည်။

ဦးမြမောင်ကလည်း နီရဲ၍ ဒေါသအမျက်ထွက်နေသော မျက်နှာကြီးဖြင့် အံကြိုးကြိတ်ရင်း ဆက်လက်ကြိမ်းမောင်းနေပြန်သေးသည်။

"အေးဆွေဆီကလာရင် ဒီလေသံချည်းပဲ။ ကုသိုလ်မရှိ၊ ဘာသာမရှိ၊ ဘာသာဖျက်မယ့် ဓမ္မန္တရာယ်ကောင်တွေ။ သင်းတို့ကို ကျုပ်က မလွှဲသာလို့ဆက်ဆံနေရတာ၊ ထွီ"




[ ၃၈ ]

ကုန်သည်တစ်ပိုင်း၊ ထန်းပိုင်ရှင်တစ်ပိုင်း ပွဲစားကြီးဦးမြို့နှင့် ကိုအေးဆွေတို့ကဲ့သို့အချီအချစကားစစ်ထိုးပွဲကလေးမျိုး၊ ထန်းပိုင်ရှင်လူတန်းစား ဦးမြမောင်နှင့် ထန်းသမားလူတန်းစား ဆယ်ရင်တို့ကဲ့သို့ တစ်ဦးချင်း တစ်ယောက်ချင်း ဖြစ်သည့် ခိုက်ရန်ဒေါသ၊ ပဋိပက္ခ အချေအတင် ငြင်းခုံပွဲလေးမျိုးများသည် မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိလေသည်။

မည်သို့ပင် ထန်းပိုင်ရှင်လူတန်းစားနှင့် ထန်းတက်သမား လူတန်းစားတို့ ပဋိပက္ခများ ဖြစ်ပွားနေငြားသော်လည်း ကိုအေးဆွေနှင့် ခင်သန်းဌေးတို့၏ ဆက်ဆံရေးမှာကား ပြေပြစ်လျက်ရှိလေသည်၊ ကိုအေးဆွေတို့၏ လုပ်ရပ်၊ လုပ်ဟန်၊ လုပ်ဆောင်ချက်မှန်သမျှကို ခင်သန်းဌေးက လှိုက်လှဲစွာဖြင့် အမြဲထောက်ခံခဲ့သည်ချည်းပင်။

တကယ်တော့လည်း ခင်သန်းဌေးသည် ထန်းပိုင်ရှင်လူတန်းစား ကြေးရတတ်မိဘများမှ ပေါက်ဖွားလာခဲ့ငြားသော်လည်း ယခုတော့မူ သူ၏ယူဆမှု အတွေးအခေါ်နှင့် ယုံကြည်ချက်၊ ခံယူချက်တို့သည် ပြောင်းလဲခဲ့လေပြီတည်း။

ပိုမို၍ သူ၏ယုံကြည်မှု ခိုင်မာရန်နှင့် ခံယူချက်များ စွဲမြဲရန်ဖြစ်လာရသည်မှာလည်း ထန်းသမားလူတန်းစားတို့နှင့် နီးကပ်စွာ လက်ပွန်းတတီးနေလာရခြင်းကြောင့်လည်း တစ်ကြောင်း ပါဝင်လေသည်။ တစ်ချိန်ကမူ စာတွေ့ သဘောတရားအသိသာ ရှိခဲ့ပေသည်။ လက်တွေ့အားဖြင့် တွေ့ထိခံစားမှု၊ လေ့လာဆန်းစစ်မှု မရှိခဲ့ပေ။ ယခုတော့မူ တကယ့်အလုပ်သမား လူတန်းစားများ၏ ဘဝအသိမျိုးများဝင်လာကာ တွေးခေါ်မှုများကို ရင့်ကျက်လာစေသည်။

မှန်ပေသည်။ ခင်သန်းဌေး ကျောင်းဆရာမ လုပ်နေရသော ကျောင်းသည် ထန်းသမားလူတန်းစား ဆင်းရဲသားများ၏ သားသမီးများသာနေသော စာသင်ကျောင်းတစ်ကျောင်း ဖြစ်လေသည်။

သူကိုယ်တိုင်ကပင် လူချမ်းသာသားသမီးဖြစ်သည့်ပြင် မြို့ပေါ်တွင်မွေး၍ မြို့ပေါ်တွင် ကြီးပြင်းကာ မြို့ကျောင်းတွင် နေလာခဲ့ရသော ခင်သန်းဌေးသည် မြို့ပေါ်တွင် ဆင်းရဲလှပါသည်ဆိုသော ကလေးသူငယ်တစ်ယောက်နှင့် ယခုကဲ့သို့ ထန်းတောပိုင်းမှ ထန်းသမားများ၏ သားသမီးများဖြစ်သော ကလေးသူငယ်များနှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ ရင်နာစရာကောင်းလှအောင် ကွဲပြားခြားနားမှုများကို တွေ့လာရသည်။ စုတ်ပြတ်သော အဝတ်အစားလေးများနှင့် ကျောင်းလာတက်ရှာသော ကျောင်းသူ ကျောင်းသား ကလေးသူငယ်လေးများကိုကြည့်ကာ ရင်နင့်နေရသည်။

လက်ပံပင်ရှာ ပတ်ဝန်းကျင်မှ ထမင်းချိုင့်ဆွဲ၍ ကျောင်းလာတက်ရှာသော ကျောင်းသူ ကျောင်းသားလေးများ၏ ထမင်း ဟင်းများကို မြင်ရပြန်သောအခါမှာလည်း ခင်သန်းဌေးမှာ ကိုယ်ချင်းစာစိတ်ဖြင့် သနားမိသည်။ အချို့သော ကလေးများ၏ ထမင်းချိုင့်မှာဆိုလျှင် ဟင်းပင်မပါရှာပေ။ အချို့မှာမူ ထန်းလျက်ခဲလေး သုံးလေးလုံးထည့်လျက် ပါလာသည်။ ပါလာသော ထမင်းကိုကြည့်ပါဦး။ ကြမ်းလိုက်သည့် ဆန်ထမင်း၊ ပြောင်းဆန်ထမင်း။ အချို့မှာ မကြမ်းသော်လည်း ဆန်ကွဲနှင့်တူလှသည့် လူးထမင်းများဖြစ်သည်။ ဟင်းကိုလည်း ကြည့်ပါဦး။ ဆီမပါသည့် ရေလုံပြုတ် ချဉ်ပေါင်ဟင်း၊ ပဲရည်နှင့် လက်ပံခေါင်းဟင်း၊ ကဆစ်သီးဟင်း၊ ဖရုံရွက်ဟင်း၊ ချဉ်ပေါင်နီသီးထောင်း၊ ပဲကျားပြုတ်၊ ပြောင်းဖူးစေ့ပြုတ် စသည့် ဆီပါလေကာ ဟင်းလေးများသာ။

သည်ကဲ့သို့ ထန်းသမားများ၏ သားငယ် သမီးငယ်များနှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီး နေလာရသော ခင်သန်းဌေးသည် ထန်းသမားလူတန်းစားတို့ဘဝကို နားလည်လာသည်။ ကိုယ်ချင်းစာလာသည်။ လူတန်းစားအသိများ ဝင်လာသည်။ ထန်းလုပ်သားတို့၏ဘဝကို နီးနီးကပ်ကပ် တွေ့ထိလေ့လာခွင့်ရလာခြင်းကြောင့် သူ၏ယုံကြည်ချက်များသည် ပို၍ခိုင်မာလာသည်။

တစ်ချိန်ကမူ သူသည် ထန်းပိုင်ရှင် လူချမ်းသာတို့၏ သမီးပီပီ မြေရှင် ယာရှင် အရင်းရှင် လူတန်းစားတို့၏ဘက်မှ မြင်သော အကြည့်မျိုးဖြင့်သာ ကြည့်တတ်ရှုတတ်သည်။ တွေးခေါ်မြော်မြင်၍လည်း ဆုံးဖြတ်တတ်သည်။

ယခုမူ သူသည် တိုးတက်သော ဆိုရှယ်လစ်အတွေးအခေါ်များ ဝင်လာကာ ပစ္စည်းမဲ့ အလုပ်သမားလူတန်းစား ထန်းတက်သမားများဘက်မှ မြင်တတ်ကြည့်တတ်လာသည်။ ထိုအခါ လူလူချင်း တူပါလျက် အများစု အလုပ်သမား ထန်းတက်သမားများမှာ သက်စွန့်ဆံဖျား ပင်မြင့်ဖျားတက်ကာ အလုပ်လုပ်ကြရသော်လည်း ဝဝလင်လင် မစားသုံးဆောင်ရ။ လုံလောက်စွာ အဝတ်လည်း မဝတ်ရ။ နေစရာအိမ်မှာလည်း ထန်းရွက်မိုး ထန်းရွက်ကာပြီးနေရသော မြေစိုက်တဲငယ်၊ ကြမ်းအကျိုးကျိုး ကွပ်ပျစ်နှင့်သာ တစ်သက်လုံး စခန်းသိမ်းအိပ်ရသော ထန်းသမား လူတန်းစားတို့၏ဘဝ၊ ဤသည်များကို မျက်ဝါးထင်ထင် တွေ့ထိလာသောအခါ ခင်သန်းဌေးမှာ လူသားချင်း ကိုယ်ချင်းစာကာ ကရုဏာသက်ဝင်လာလေသည်။

ထန်းပင်များကို ပိုင်ဆိုင်သည်ဆိုကာ မှုနှင့် ထန်းသမားလူတန်းစားတို့အပေါ်တွင် ခေါင်းပုံဖြတ် လူညွန့်ခူးကာ ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင်၊ ချွေးတစ်ပေါက်မကျရဘဲနှင့် အချောင်ရယူနေလိုသော စိတ်ထားမျိုးရှိနေကြသည့် ထန်းပိုင်ရှင်လူတန်းစားတို့အား ခင်သန်းဌေးက အတော် စက်ဆုပ်လာသည်။ တွန်းလှန်လိုလာသည်။

ထို့ကြောင့် သူကိုယ်တိုင် လက်ထိလက်ရောက် မတွန်းလှန်နိုင်သောအခါ ထန်းပိုင်ရှင်စနစ်ကို တွန်းလှန်ဖြိုဖျက်နေသော ကိုအေးဆွေအား ကူညီမှုပေးလာသည်။ အားပေးအားမြှောက်ပြုလာသည်။ ဒါတင်မက ထန်းသမားလူတန်းစားတို့၏ ဘဝမြှင့်တင်ရေး ရည်ရွယ်ချက်စီမံကိန်းများ စိတ်ကူးပေါ်လာလျှင်လည်း ကိုအေးဆွေအား အကြံဉာဏ်များ အခါအခွင့်သင့်တိုင်း ပေးလေ့၊ ဆွေးနွေးလေ့ရှိလာလေသည်။

ယင်းသို့ ဘဝခံယူချက်များပြောင်းလဲ၍ ယုံကြည်ချက်တို့သည် ခင်သန်းဌေးတွင် တိုးတက်၍ ခိုင်မာသည်ထက် ခိုင်မာလာကြောင်း သိလာရသော ကိုအေးဆွေမှာလည်း ဝမ်းသာပီတိဖြစ်၍ မဆုံး ဖြစ်နေတော့သည်။ လှကြည်အား တွေ့တိုင်းပင် ခင်သန်းဌေး၏အကြောင်းကို အားရပါးရ ပြောပြလေ့ရှိလေသည်။

တကယ်တော့ လူ့ဘဝဆိုသည်မှာ အသွင်ဓလေ့ချင်း၊ ဝါသနာချင်း၊ ယုံကြည်ချက်၊ မျှော်မှန်းချက်ချင်း၊ ခံယူချက်ချင်း တူညီနီးစပ်မှုရှိသူများသာလျှင် ထာဝရ ဆက်ဆံပေါင်းသင်းနေကြသည် မဟုတ်ပါလော။

ယင်းသို့ဆိုပါလျှင် –

လူကုံထံ အထက်တန်းလွှာမှ ပေါက်ဖွားဆင်းသက်လာသော တက္ကသိုလ်ပညာတတ် ခင်သန်းဌေးနှင့် ထန်းသမားလူတန်းစားအောက်တန်းလွှာမှ မွေးဖွားလာပြီး ထန်းပင်အောက်တွင် ကြီးပြင်းလာသော ကိုအေးဆွေတို့၏ ဘဝနှစ်ခုသည် ယုံကြည်ချက်ချင်း တူညီနေကြပါပြီဟု ဆိုစေဦးတော့၊ တကယ်တမ်းမူ သူတို့ ဘဝနှစ်ခုသည် ထာဝရနီးစပ်မှု ရှိနိုင်ပါမည်လော။

ဤသည်များကို နက်ရှိုင်းစွာ တွေးတောလာမိတိုင်း ကိုအေးဆွေမှာ ဘဝင်မကျတော့ပေ။

[ ၃၉ ]

"ကဲ ဖိုးအေးဆွေ။ ငါတော့ ပင်ကျရည် စစ်စစ်သောက်ချင်လို့ မင်းဆီလာခဲ့တာပဲ။ တစ်မြုလောက်ရှာကွာ။ ဟောဒီမှာ မြည်းဖို့ ဝက်နံကင်ဝယ်လာတယ်"

တစ်နေ့တွင် လှကြည်သည် ကိုအေးဆွေတို့၏ ဘုံထန်းတောနယ်မြေ စုပေါင်းလုပ်ငန်းသို့ရောက်လာသည်။ ရောက်သည်ဆိုလျှင်ပင် ရောက်မဆိုက် လှကြည်က ကိုအေးဆွေအား ပင်ကျရည် ထန်းရည်ခါးစစ်စစ်ကို ရှာပေးရန် လောဆော်လိုက်ရင်း အမြည်းထုပ်ကိုလည်း ထိုးပေးလိုက်သည်။

"မင်းလည်း ထန်းရည်သမားကြီးလုံးလုံးဖြစ်နေပြီလားကွ ဟင်"

ကိုအေးဆွေမှာ သောက်စားမှုတွင် ဝါသနာ မထုံပေ။

"မဖြစ်သေးပါဘူးကွာ။ တစ်ခါတစ်ရံ ပျော်ချင်ပါးချင်လို့ ဦးနှောက်ဆေးချင်လို့ပါ"

"အင်း၊ အသောက်သမားတိုင်း အစတော့ ဒီလိုပြောကြတာပဲ။ စိတ်ညစ်လို့ပါ၊ ပျော်ချင်လို့ပါ၊ အပေါင်းအသင်းအားနာလို့ပါ၊ ကျန်းမာရေးအတွက် တစ်ခွက်တလေပါနဲ့။ နောက်တော့သာ မြူအိုးထဲ၊ ပုလင်းထဲ ခေါင်းဆိုက်တော့တာပဲ။ ခုလည်း လာပြန်ပြီ၊ ဦးနှောက်ဆေးချင်လို့တဲ့"

"ဟား ဟား ဟား" ကိုအေးဆွေသည် သူ့စကားကိုသူ သဘောကျဘိအလား အားရပါးရ ရယ်မောပစ်လိုက်လိုက်လေသည်။

"အဟုတ်ပါ အေးဆွေရာ။ ပင်ကျရည် စစ်စစ်လေး သောက်ချင်လို့ပါကွာ။ ပင်ကျရည်လေးများ သောက်လိုက်ရရင် အစာကြေတယ်၊ ရင်ချောင်တယ်၊ ဆီးရွှင်တယ်၊ ဝမ်းကိုပျော့စေတယ်၊ အပူအပုပ်ကို စင်ကြယ်စေတယ်။ အပူအပုပ် စင်ကြယ်တော့ ဦးနှောက်ကြည်ပြီး လူကို လန်းဆန်းရွှင်လန်းစေတယ်။ ဒါကြောင့် တစ်ခါတစ်ရံ ကျန်းမာရေးအတွက် ဆေးတစ်ခွက်အဖြစ် ဆေးဖြစ်ဝါးဖြစ် သောက်တာပါကွာ"

"အင်း၊ တယ်ဆိုတဲ့ စာပါကလား။ မင်းဆွယ်တရား အဟောကောင်းတာနဲ့ ငါတောင်သောက်ချင်လာပြီ"

ကိုအေးဆွေသည် လှကြည်၏ ထန်းရည်ခါးသောက်ခြင်းဖြင့် ဤမည်သော အကျိုးအာနိသင်များ ခံစားရရှိကြောင်းတရားကို ကြားနာရသည့်အခါ နားခါးလှသဖြင့် ရယ်မောရင်း ငေါ့ပစ်လိုက်သည်။

လှကြည်ကလည်း ပြန်လည်၍ မခံချင် ပြုံး ပြုံးပြုံးရင်း –

**ဆက်လက်ဖော်ပြပါမည်။**

**"ထန်းပိုင်ရှင်လူတန်းစားနှင့် ထန်းတက်သမားလူတန်းစားတို့ ပဋိပက္ခများဖြစ်ပွားနေငြားသော်လည်း ကိုအေးဆွေနှင့် ခင်သန်းဌေးတို့၏ ဆက်ဆံရေးမှာကား ပြေပြစ်လျက်ရှိလေသည်။ ကိုအေးဆွေတို့၏ လုပ်ရပ်၊ လုပ်ဟန်၊ လုပ်ဆောင်ချက်မှန်သမျှကို ခင်သန်းဌေးက လှိုက်လှဲစွာဖြင့် အမြဲထောက်ခံခဲ့သည်ချည်းပင်။ တကယ်တော့လည်း ခင်သန်းဌေးသည် ထန်းပိုင်ရှင်လူတန်းစား ကြေးရတတ်မိဘများမှ ပေါက်ဖွားလာခဲ့ငြားသော်လည်း ယခုတော့မူ သူ၏ယူဆမှု အတွေးအခေါ်နှင့် ယုံကြည်ချက်၊ ခံယူချက်တို့သည် . . ."**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# တိုင်းဒေသကြီးဝန်ကြီးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၅)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

ပုသိမ် နိုဝင်ဘာ ၇

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ (၁၅)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ်သိန်း ၅၀ အား ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ရာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ နှစ်ဦးက လက်ခံရယူသည်။ ယင်းနောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်)၌ သင်တန်းတက်ရောက်၍ ဆုရရှိသူဝန်ထမ်းလေးဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအတွက် ဝန်ထမ်းဝတ်စုံများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးက လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်)၌ သင်တန်းတက်ရောက်၍ ဆုရရှိသူဝန်ထမ်းသုံးဦးအား တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက လည်းကောင်း ဝန်ထမ်းဝတ်စုံများနှင့် ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်း ဗီဒီယိုကလစ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ပြီး (၁၅)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော မှတ်တမ်းဓာတ်ပုံပြခန်းများကို ဆက်လက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၈၃)ကြိမ်မြောက် ထုတိအနုမောဒနာဂုဏ်ပြုလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၈၃)ကြိမ်မြောက် ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးညွန့်သင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရထံမှ အခမ်းအနားသို့ တက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၂၆ ဦးက ရွှေပြား ၃၄ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၈၉ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ၁၇၃၇၃၇၃၄၇၂ ကျပ် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ကျောဖုံးမှ**

သီတင်းကျွတ်လပြည့်အကြို၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့ သုံးရက်တာအတွင်း ငပလီကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွား ၄၈၂၇ ဦးဝင်ရောက်ခဲ့ပြီး ယမန်နှစ်က ၂၈၂၇ ဦးဝင်ရောက်ခဲ့၍ ငပလီကမ်းခြေသို့ ၆၄ ဒသမ ၈၄ ရာခိုင်နှုန်း ခရီးသွား တိုးမြင့်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလ တတိယပတ်တွင် ငပလီကမ်းခြေအပါအဝင် မြောက်ဦး၊ စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်ကျွန်းတို့၌ ဆောင်းဦးအထိမ်းအမှတ်ပွဲတော်များကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အပန်းဖြေခရီးသွားများနှစ်ခြိုက်သည့် ငပလီကမ်းခြေ၌ ၂၀၂၂ ခုနှစ် ဆောင်းဦးပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့ရာ ခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။ ရခိုင်ပြည်နယ်တွင် နိုဝင်ဘာလမှ မေလလယ်အထိ ခရီးသွားဝင်ရောက်လေ့ရှိပြီး ၂၀၂၁ ခုနှစ်တွင် ၅၈၉၆၉ ဦးဝင်ရောက်ခဲ့၍ ၂၀၂၂ ခုနှစ်တွင် ၂၇၂၃၈၁ ဦး ဝင်ရောက်ခဲ့ရာ ၃၆၂ ဒသမ ၉ ရာခိုင်နှုန်း ခရီးသွားတိုးတက်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ခရီးသွားရာသီ၌ ယမန်နှစ်ကထက် ခရီးသွားပိုမိုဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းကြခြင်းဖြစ်သည်။

"အပန်းဖြေကမ်းခြေနဲ့ ခရီးသွားဒေသတွေကို ခရီးသွားဝင်ရောက်လာမှုဟာ ဒေသခံတွေ အလုပ်အကိုင်အဆင်ပြေပြီး စီးပွားရေးလုပ်ငန်းရှင်တွေလည်း ဝင်ငွေရကြပါတယ်။ နိုင်ငံတော်အတွက်လည်း အခွန်ငွေတိုးလာစေတယ်လို့ ဆိုရမှာပါ။ ရုရှားခရီးသွားဆိုရင် သီတင်းကျွတ်ကာလမှာ အဖွဲ့လိုက်လာရောက်လည်ပတ်တာ တွေ့ရတယ်။ အခုလည်း လာနေတာတွေ့ရတယ်။ ဒီနှစ်မှာပြည်ပခရီးသွားတိုးလာတယ်လို့ပြောရမှာပါ။ ငပလီကမ်းခြေမှာ ဆောင်းဦးအထိမ်းအမှတ်ပွဲတော်ကို ယခင်နှစ်တွေလို ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီနှစ်ခရီးသွားရာသီဟာ ယခင်နှစ်တွေထက် ခရီးသွားပိုမိုဝင်ရောက်နိုင်တဲ့အတွက် နိုင်ငံတော်အတွက် အခွန်ငွေတိုးမြှင့်ရှာဖွေနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က ပြောသည်။

**ခန့်မှန်းထား**

သီတင်းကျွတ်ပွဲတော်ကာလတွင် ရုရှားနိုင်ငံမှ ခရီးသွား ၄၀ ကျော်နှင့် ပြည်ပခရီးသွားများ ဝင်ရောက်ခဲ့ပြီး ငပလီအပန်းဖြေစခန်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် စည်ကားခဲ့ကာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားများကိုလည်း ဗီဇာကင်းလွတ်ခွင့် ဆောင်ရွက်ပေးထားသည့်အတွက် ၂၀၂၃ ခုနှစ် ခရီးသွားရာသီသည် ပွဲတော်ကာလများ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် စည်ကားများပြားနိုင်ကြောင်း ဟိုတယ်လုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

မြန်မာနိုင်ငံတွင်ရှိသော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများအနက် ငပလီကမ်းခြေကို နိုင်ငံခြားခရီးသွားများ နှစ်ခြိုက်ခြင်းသည် ကမ်းခြေသာယာလှပခြင်း၊ ရေကြည်လင်သန့်ရှင်းခြင်း၊ သဲပြင်အဖြူရောင်ရှိခြင်း၊ ကမ်းခြေပြေပြစ်ခြင်း၊ ရာသီဥတုအေးနေချိန်တွင် ရေပြင်မှာနွေးနေခြင်းနှင့် ပင်လယ်စာ ကောင်းမွန်ခြင်းတို့ကြောင့် ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများ တည်းခိုအနားယူနိုင်ရန် ငပလီကမ်းခြေတွင် ဟိုတယ်နှင့် တည်းခိုခန်း ၅၁ လုံး၊ ကျောက်ဖြူ၌ ၁၁ လုံး၊ စစ်တွေ၌ ၁၇ လုံး၊ မြောက်ဦး၌ သုံးလုံးနှင့် မာန်အောင်ကျွန်း၌ တစ်လုံးဖွင့်လှစ်ထားကာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အေးချမ်းစွာ အနားယူလည်ပတ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

ကိုဗစ်ကာလတွင် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့ပြီး ကိုဗစ်လွန်ကာလတွင် နိုင်ငံတော်မှ ခရီးသွားကဏ္ဍကို ပြန်လည်ဖော်ဆောင်ခဲ့ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ခရီးသွားကဏ္ဍ Promotion တစ်ရပ်အနေဖြင့် ငပလီကမ်းခြေ၌ ပထမဆုံးသော ဆောင်းဦးအထိမ်းအမှတ်ပွဲတော်ဖြင့် ခရီးသွားလုပ်ငန်းကို စတင်ဆွဲဆောင်နိုင်ခဲ့ပြီး ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်အသက်ဝင်ခဲ့သည်။ ယခုနှစ် ခရီးသွားရာသီတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်ငါးမြို့နယ်၌ ထူးခြားသောဆောင်းဦးပွဲတော် အစီအစဉ်များဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို အသင့်စောင့်ကြိုလျက်ရှိသည်။

**သတင်း- ညိမ်းသူ( သတင်းစဉ် )**

**ဓာတ်ပုံ - ကနူး**



# မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပန်းတောင်း နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ စုပေါင်းကာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ယမန်နေ့နံနက်ပိုင်းက သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

**စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၁၀၉ ဦးဖြင့် စေတီပရိဝုဏ်အတွင်းရှိပေါင်း၊မြက်၊အမှိုက်၊ချုံနွယ်များကိုလည်းကောင်း၊ စေတီရင်ပြင်တော်ရှိ အမှိုက်များ၊ စေတီပေါ်ရှိအမှိုက်များကိုလည်းကောင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

○ မြန်မာ MMA ဖိုက်တာမှ

အောင်လအန်ဆန်သည် MMA တိုက်ခိုက်ရေးလောကတွင် နှစ်ပေါင်း ၂၀ နီးပါးကျင်လည်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲခဲ့ပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။ အောင်လအန်ဆန်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ပွဲစုစုပေါင်း ၄၄ ပွဲထိုးသတ်ထားရာ ပွဲ ၃၀ နိုင်၊ ၁၃ ပွဲရှုံးထားပြီး တစ်ပွဲကိုမူ ရလဒ်သတ်မှတ်ခြင်းမရှိသေးကြောင်း သိရသည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-Aung la NSang Facebook**

❖ ဖူဆယ်မှ

MFF Rhino Futsal Championship 2023 ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှစတင်၍ အသင်းစုစုပေါင်း ၂၆ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ MFF Rhino Futsal Championship 2023 ပြိုင်ပွဲတွင် ဖူဆယ်လိဂ်(၁) ပြိုင်ပွဲဝင် အသင်းခုနစ်သင်း၊ ဖူဆယ်လိဂ်(၂) ပြိုင်ပွဲဝင် အသင်းခြောက်သင်း၊ Carabao Amateur Cup ပြိုင်ပွဲမှ အသင်းခုနစ်သင်း၊ မန္တလာ ဖူဆယ်လိဂ်မှ အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ MFF Women's Futsal Championship 2023 ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်မှစတင်၍ အသင်းစုစုပေါင်း ၁၀ သင်းဖြင့် အုပ်စုနှစ်ခုခွဲကာ ကျင်းပသွားရန် စီစဉ်ထားသည်။ **ကိုညီလေး**

## ဇန်းမော်မြို့နယ်ရှိ သမဝါယမ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

**ဇန်းမော် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစီမံကိန်းဆောင်ရွက်လျက်ရှိသည့် မံရေးကျေးရွာ ရွှေတာပိန်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းရှိ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းသား တောင်သူများအား စပါးများရိတ်သိမ်းချိန်တွင် လေလွင့်မှုနည်းပါးရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။ အဆိုပါအသင်းတွင် အသင်းသားတောင်သူ ၆၅ ဦး၊ စိုက်ဧက ၁၂၀ ရှိပြီး ဆင်းဧကရီ-၃ စပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**


**ပြင်ပအလင်းရောင်ကို အသုံးချပါ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ**


### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ် အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄) ရေတာရှည် ဗိုလ်တဲရပ်၊ ဦးပိုင်အမှတ်(၂၁၉) ဧရိယာ(၀.၀၆၀)ဧကရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည် မှ သက်တမ်းတိုးရန် လျှောက်ထားလာပါသည်။ အဆိုပါမြေကွက်အား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ နိုဝင်ဘာလ (၁၀) ရက်နေ့မတိုင်မီ အမှတ်(၃)ရပ်ကွက် ရေတာရှည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ရေတာရှည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄၁ ကံဘဲ့)၊ မြေကွက်အမှတ်(၃/၂၇)၊ ဧရိယာ(၀.၀၄၄)ဧက၊ အကျယ်အဝန်း(အလျား ၃၃ပေxအနံ၅၈/၅၇ပေ )ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော အမှတ်(၁၃)၊ ကံ့ကော်မြိုင်လမ်းသွယ်၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်သူ ဦးခင်မောင်ချို [၁၂/ရကန(နိုင်)၀၂၉၀၁၇]ကွယ်လွန်ပြီးဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၉၃၂၇/၂၀၂၃)ဖြင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ရင်ကြည် [၁၂/ရကန (နိုင်) ၀၂၉၀၀၁]၊ ဦးလွှမ်းမိုး [၁၂/ရကန (နိုင်)၀၂၉၀၀၂]တို့ထံမှ ကျွန်မ ဒေါ်ဒေစီသာကျော်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်(၆-၁၁-၂၀၂၃)ရက်နေ့တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဒေစီသာကျော် [၁၃/တကန(နိုင်)၀၁၂၅၄၉]**
**အမှတ်( ၃/၇၆ )၊ ကံ့ကော်မြိုင်လမ်း၊ ( ၈ )ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၆၉၇၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်-၁၃၅၈၊ ဧရိယာ (၄၀x၆၀)ပေ မြေကွက်တည်နေရာအမှတ် (၁၇)၊ ရန်ပြေ (၂၁)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိုးမြင့် [၁၂/သကတ(နိုင်)၀၄၅၂၁၆] အမည်ပေါက် နှစ် (၆၀) မြေငှား(ဂရန်) မြေအား အမည်ပေါက် ဦးစိုးမြင့် [၁၂/သကတ(နိုင်)၀၄၅၂၁၆] ဖခင်နှင့် မိခင် ဒေါ်ခင်သန်းတို့ အသီးသီးကွယ်လွန်၊ ၎င်းတို့၏ သားသမီး (၃)ဦး အနက်သား တစ်ဦးဖြစ်သူ ဦးသန်းစိုးကွယ်လွန်သဖြင့်၊ ကျန်သမီး (၂)ဦးဖြစ်သော ဒေါ်ဌေးဌေးမြင့် [၁၂/သကတ(နိုင်)၀၄၀၀၃၃]၊ ဒေါ်မော်မော်မြင့် [၁၂/သကတ(နိုင်)၀၀၀၄၉၂] တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၀၅၈/၂၀၂၂ (၂၈-၇-၂၀၂၂)ဖြင့် လည်းကောင်း၊ ဦးသန်းစိုး၏ ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းမော် [၁၂/ဒပန(နိုင်)၀၂၂၇၅၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၅၂၀/၂၀၂၂ (၃-၈-၂၀၂၂)ဖြင့် လည်းကောင်း၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ ရရှိသူ ဒေါ်အိရွှေစင်ချစ် [၉/မကန(နိုင်)၁၀၇၄၉၂]မှကွယ်လွန်သူမိဘများတွင် သားသမီး(၃)ဦး မွေးဖွားခဲ့ပြီး အခြား အမွေစား အမွေခံကိတ္တိမသား သမီးများလည်း မွေးစားထားခြင်းမရှိကြောင်း၊ သားသမီး (၃)ဦးအနက် ဦးသန်းစိုး ကွယ်လွန်ချိန်တွင် တရားဝင် ဇနီး ဒေါ်ဝင်းဝင်းမော် သာ ကျန်ရှိခဲ့ကြောင်း၊ ကျန်ရစ်သူ သမီး (၂)ဦးနှင့် ချွေးမဖြစ်သော ကျမ်းကျိန်ဆိုသူ မိမိတို့မှလွဲ၍ အခြားဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်း၊ လက်ရှိပိုင်ဆိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း ဒေါ်ဌေးဌေးမြင့်၊ ဒေါ်မော်မော်မြင့်၊ ဒေါ်ဝင်းဝင်းမော်တို့ကိုယ်တိုင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ဂရန်၊ ဦးစိုးမြင့် (ဖခင်)၊ ဒေါ်ခင်သန်း (မိခင်)၊ ဦးသန်းစိုး (သား) တို့၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ကြေညာချက်

(၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၏ ဆုချီးမြှင့်ပွဲတွင် ဆုတက်ရောက်ယူရန် စာရင်းပေးထားသောTop Ten နှင့် ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူများသိစေရန် ကြေညာအပ်ပါသည်။

အောက်ပါနေ့ရက်တွင် ဆုချီးမြှင့်ပွဲ ကျင်းပပြုလုပ်ပါမည် -

နေ့ရက် ။ ။ ၂၅-၁၁- ၂၀၂၃ ( စနေနေ့ )

အချိန် ။ ။ နံနက် (၉:၀၀) နာရီ၊ [နံနက် (၈:၀၀) နာရီ နေရာယူအပြီး ဖြစ်ရပါမည်။]

နေရာ ။ ။ ဒဂုံသီရိခန်းမ၊ အ.ထ.က (၁) ဒဂုံ

မှတ်ချက် ။ ။ အစမ်းလေ့ကျင့်မည့်နေ့ (၂၄-၁၁-၂၀၂၃)၊ နံနက်(၉:၀၀)နာရီ၊ [နံနက် (၈:၀၀) နာရီ နေရာယူအပြီး ဖြစ်ရပါမည်။]

- ကျောင်းသား/သူများသည် ကျောင်းဝတ်စုံ (အဖြူ / အစိမ်း ) နှင့် တက်ရောက်ရပါမည်။
- ကိုယ်စားတက်ရောက်ယူမည့် မိဘ/အုပ်ထိန်းသူများလည်း တက်ရောက်ရပါမည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ (အ.ထ.က- ၁ ဒဂုံ)**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ် (၈၄၂) ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ပထမထပ် (၂လွှာ) တိုက်မျက်နှာမူ (ဘယ်)၊ အကျယ်အဝန်း (၅၁၇)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဒေါ်စုလှိုင်မူ [၁၂/မရက(နိုင်)၁၇၉၈၆၆] နှင့် ဒေါ်နှင်းဝတီစိုး [၁၂/မရက(နိုင်)၁၇၉၈၆၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနေကျော်လင်း [၁၄/အဂပ(နိုင်)၁၆၅၆၆၆]နှင့် ဒေါ်ဖြိုးသီသီအောင် [၇/ပတန(နိုင်)၁၁၀၈၈၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေကျော်လင်း + ဒေါ်ဖြိုးသီသီအောင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး**
**LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၄၇၉)**
**အမှတ် (၁၃၈)၊ လမ်း(၄၀)(မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဇေယျာသီရိမြို့နယ်၊ မွေး/ဆေး(၇၀)စကေးနေ (ဦးစိုးနိုင်)-ဒေါ်တင်ချိုတို့၏သား မောင်ကောင်းမြတ်ထွန်း(ခ) ကောင်းကောင်း [၉/ဇယသ(နိုင်)၀၁၂၉၉]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဒေါ်တင်ချို**

### အများသိစေရန်ကြေညာခြင်း

အမှတ်(၇၀-က-၇)၊ ပြည်လမ်း၊ ထောက်ကြန့်တောင်ပိုင်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ Royal Shop အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်၏ကိုယ်စား အထွေထွေမန်နေဂျာဖြစ်သူ ဦးအောင်ကျော်မင်းမှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်သည်မှာ -

အမှတ်(၄/၃၀၃)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်တွင် နေထိုင်သူ ဦးကျော်သူရ (ဘ)ဦးလှဝင်းသိန်း [၁၂/ဥကမ(နိုင်)၂၁၈၂၈၀] ကိုင်ဆောင်သူသည် အမှတ်(၇၀-က-၇)၊ ပြည်လမ်း၊ ထောက်ကြန့်တောင်ပိုင်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ Royal Shop အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် မန်နေဂျာအဖြစ် အလုပ်လုပ်ကိုင်ပြီး Royal Shop အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ ပိုင်ဆိုင်သည့်ငွေများအား အလွဲသုံးစားပြုလုပ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေပါသည်။ သို့ဖြစ်ပါ၍ ဦးကျော်သူရ(ဘ)ဦးလှဝင်းသိန်းအား တွေ့ရှိပါက သို့မဟုတ် ၎င်းနေထိုင်ရာ လက်ရှိနေရပ်လိပ်စာအား သိရှိပါက Royal Shop အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်သို့ အကြောင်းကြားပေးပါရန်နှင့် ကျေးဇူးတင်ရှိစွာဖြင့် ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သီတာအောင်(LL.B)** | **ဦးချစ်သဲမောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၆၈၄)** | **(စဉ်-၅၂၅၉၉)** |
| **ဖုန်း-၀၉၄၄၈၀၂၂၇၃၇** | **ဖုန်း-၀၉-၇၇၉၅၂၆၈၆** |

**အမှတ်(၇၉/စီ)၊ သီရိမင်္ဂလာလမ်းသွယ်(၈)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၊ မြေကွက်အမှတ်- ၇၈၆ (က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ ဏ/၁၄ ရပ်ကွက်၊ ကောက်ကြီးလမ်း၊ ပန်းခြံ (၄)၊ အမှတ်- ၇၈၆ (က) ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြတ်မြတ်သူ [၁၂/ရပသ(နိုင်)၀၂၈၆၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်း အဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ၊ မြို့ ကြီးကုန်းရပ်ကွက်၊ ဇီဇဝါ (၄) လမ်းပေါ်ရှိ အမှတ် (၁၄၈) ဦးအေးစွမ် အမည်ပေါက် (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စန္ဒာလင်း [၁၃/မတရ (နိုင်) ၀၀၂၅၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းထွန်းကျော်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ -**
**ဦးအောင်သူရိန်ထွန်း(LL.B)**
**တရားလွှတ်တော် ရှေ့နေ (စဉ်- ၉၇၁၆ )**
**အမှတ် (၃၂၄)၊ အောင်သပြေလမ်း၊ ပုလဲ (၂) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

### "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဦးတင်ရွှေ [၁၂/လကန(နိုင်)၀၆၆၈၄၆]၊ ၂။ ဦးစောရွှေ [၁၂/လကန(နိုင်)၀၆၆၃၇၉]၊ ၃။ ဒေါ်တင်နွဲ့ရီ[၇/ပခန(နိုင်)၁၅၂၇၂၀]၊ ၄။ ဦးစောငွေ [၁၂/လကန(နိုင်)၀၆၆၇၈၂]၊ ၅။ ဒေါ်တင်မာဆွေ [၁၂/လကန(နိုင်)၀၆၆၅၇၇]၊ ၆။ ဒေါ်ပုပု [၁၂/လကန(နိုင်)၀၆၆၆၈၁]၊ ၇။ ဒေါ်စုစု [၁၂/လကန(နိုင်)၁၄၃၃၂၆]၊ ၈။ ဒေါ်မိုးမိုးအေး [၁၂/လကန(နိုင်)၁၅၇၅၅၈] ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများသည် (ဦးစိန်ကြည်)+(ဒေါ်အေးသိန်း) တို့မှ မွေးဖွားသော သားသမီးများဖြစ်ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာ (မြောက်ပိုင်း)၊ အရှေ့လားသော် အမှတ်(၂)လမ်းမကြီး၊ အနောက်လားသော် ဦးစိန်ကြည်၏မြေ၊ တောင်ဘက်လားသော် ဦးသိန်းမြင့်ထွန်း၏ အိမ်ခြံမြေ၊ မြောက်ဘက်လားသော် ဦးလှထွန်း၏ အိမ်ခြံမြေ၊ အဆိုပါ အလား(၄)ရပ် အတွင်းရှိ မျက်နှာဝအကျယ် (၇၀)ပေ၊ ရှေ့နောက် အကျယ်(၂၁၀)ပေရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော သစ်သားအုတ်ညှပ် (၁)ထပ်နေအိမ်တစ်လုံးနှင့် အတွင်းပစ္စည်းအားလုံးတို့ကို ဖခင် ဦးစိန်ကြည် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါပစ္စည်းများသည် မိခင်ဖြစ်သူ ဒေါ်အေးသိန်း မှ ဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ မိခင် ဒေါ်အေးသိန်းမှာ (၄-၁၁-၂၀၂၀)နေ့တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်းမကွယ်လွန်မီ သမီးအငယ်ဆုံးဖြစ်သူ ဒေါ်မြမြထွေး(အပျိုဖြစ်သူ)မှ မိခင်ဖြစ်သူအားသက်ထက်ဆုံးတိုင် သားသမီးဝတ္တရားများနှင့်အညီ ပြုစု၍ မိဘများကျန်ရှိခဲ့သည့်အမွေပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက် နေထိုင်စေခဲ့ပါသည်။

ထို့ကြောင့် မိဘများကျန်ရှိခဲ့သော အမွေပစ္စည်းများအား ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးတင်ရွှေပါ-၈ ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ အပေါင်အနှံမှစ၍ အခြားသူတစ်ပါး ထံသို့ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံကြေး အဖြစ်တင်သွင်းခွင့်တို့အား ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတင်ရွှေ ပါ - ၈ ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါ အမွေပစ္စည်းများအား အခြားသူတစ်ပါးထံသို့ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံကြေးအဖြစ် တင်သွင်းခွင့်တို့အား ပြုလုပ်ဆောင်ရွက်လာပါက ဖြစ်ပေါ်လာမည့် ပြဿနာအရပ်ရပ်အားလုံးသည် ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ရွှေ ပါ - ၈ ဦး၏ လွှဲအပ်ချက်အရ**
**ဦးမျိုးမင်းထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၂၅)**
**အမှတ်(၃၉၆)၊ ပြည်တော်သာ(၆)လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း-၀၉-၄၂၀၁၂၆၈၉၃၊ ၀၉-၉၇၄၁၂၂၀၉၅**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၇-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၂၂၂။ | ဦးအောင်လှနှင့်ဇနီး ဒေါ်ခင်မာကြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၃။ | ဦးထွန်းခင်နှင့်ဇနီး ဒေါ်နှင်းဆီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၄။ | ဦးညီပုအားရည်စူး၍ ဒေါ်စန်း၊ သား၊ သမီး၊ မြေး၊ မြစ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၅။ | ဦးတင်မြင့်(မွေး/ဆေးတက္ကသိုလ်)ကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၆။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၇။ | ဦးခင်မောင်သောင်းနှင့်ဇနီး ဒေါ်လှလှမြင့်၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၈။ | ဦးသောင်းမြင့်နှင့်ဇနီး ဒေါ်သီတာမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၂၉။ | ဦးမောင်ကိုနှင့်ဇနီး ဒေါ်မူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၀။ | ဦးကြီးစိန်၊ (ဒေါ်တင်ကြည်)၊ သား၊ သမီး၊ မြေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၁။ | ဦးအောင်သန်းဦးနှင့်ဇနီး ဒေါ်ခင်နှင်းလွင်၊ (အစ်မကြီး)ဒေါ်ခင်မာလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၂။ | ကွယ်လွန်သူ ဦးရဲမိုးဟိန်းအားရည်စူး၍ ကျန်ရစ်သူ မိခင် ဒေါ်မေမေသွင်နှင့် အစ်ကို၊ အစ်မများနှင့် သား၊ သမီးများကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၃။ | နှစ်ဖက်မိဘအားအမျှထား၍ ဦးကျော်ကျော်ထိုက် နှင့်ဇနီး ဒေါ်မင်းမင်းစိုး၊ (သား)မောင်မင်းဘုဏ်းအိမ်၊ (သမီး)မမြတ်ပန်းအိမ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၄။ | ဦးခင်မောင်ဦးနှင့်ဇနီး ဒေါ်ခင်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၅။ | ဦးမောင်မောင်လွင်နှင့်ဇနီး ဒေါ်ခင်ဌေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၆။ | ဦးစန်းတင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၇။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်နုနုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၈။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ကျင်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၃၉။ | ဖခင်ကြီး ဦးထွန်းလွင်အားရည်စူး၍ ဒေါ်နွဲ့နွဲ့ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၂၄၀။ | ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)အား ရည်စူး၍ ကျန်ရစ်သူဇနီး ဒေါ်မေမေသွင်၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၇၂၄၁။ | ကွယ်လွန်သူ မောင်သန့်ဇင်နိုင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်ခင်သိန်းရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၂။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်တင်စိုး၊ (သား)မောင်သိန်းနိုင်ဦး၊ မောင်သိန်းထိုက်အောင်၊ မောင်ဝင်းခန့်စိုး၊ (သမီး)ဆွေဇင်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၃။ | ဒေါ်မြသီတာဦး၊ Dr. ဒေါ်ဝင်းပပကျော်၊ ဦးတင်ဝင်းကျော်၊ မောင်ခွန်ကျော်ကျော်ထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၄။ | ဦးစောမြင့်ဦးနှင့်ဇနီး ဒေါ်နန်းဘေဘီမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၅။ | ဗိုလ်ကြီးဝင်းထိန်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းချစ်၊ (သမီး)မဝင်းနန္ဒာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၆။ | ဖခင် ဦးဖိုးနှင့် မိခင်ကြီး ဒေါ်အေးဆင့်တို့အားရည်စူး၍ ဒေါ်ဇလစာရီကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၇။ | ဒေါ်သန်းသန်းဌေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၈။ | ဦးမောင်တိုးနှင့်ဇနီး ဒေါ်ချိုချိုပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၄၉။ | ဦးမောင်ဟန်နှင့်ဇနီး ဒေါ်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၅၀။ | ကောင်းအိစံဘော်ဒါမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၅၁။ | ဦးအောင်သစ်နှင့် (သမီး) မခင်မာအေးအားရည်စူး၍ ဒေါ်အုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၅၂။ | ဒေါ်ခင်သန်းဝင်းအားအမျှထား၍ ဦးထွန်းလင်းစိုး နှင့်ဇနီး ဒေါ်နှင်းယုလွင်၊ (သား)မောင်အောင်ခန့်ပိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၅၃။ | ဦးဝင်းရွှေနှင့်ဇနီး ဒေါ်စမ်းစမ်းဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၅၄။ | ဦးဇော်ဇော်အောင်နှင့်ဇနီး ဒေါ်ထက်ထက် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၂၅၅။ | ကွယ်လွန်သူ ဖခင်ကြီးနှင့်မိခင်ကြီးအားရည်စူး၍ ဒေါ်စကားဝါမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၂၅၆။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဗိုလ်မှူးကြီးဇော်ဝင်းမြင့်(ငြိမ်း)နှင့်ဇနီး ဒုတိယဗိုလ်မှူးကြီးရင်ရင်ဇော်၊ (သမီး) ဒေါက်တာဝင်းလဲ့ခိုင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀ |
| ၇၂၅၇။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်စန်းစန်းအေးအားရည်စူး၍ ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀ |
| ၇၂၅၈။ | အဘွား ဒေါ်သန်းတင်အားအမျှထား၍ ဦးစိုးမြင့် နှင့်ဇနီး ဒေါ်ခိုင်မီမီလွင်၊ (သမီး)မမေဇော်မိုး၊ ဦးကျော်မိုးနှင့်ဇနီး ဒေါ်ခင်လှမြင့်၊ ဦးကျော်သီဟ နှင့်ဇနီး ဒေါက်တာအေးသန္တာစိုး၊ (မြေး) မဆောင်းကိန္နရီ၊ မသဒ္ဒါဝေသီမိသားစုကေင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀ |
| ၇၂၅၉။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါက်တာဘရွှေနှင့်ဇနီး ဒေါ်မူမူခင်၊ (သမီး)မအေးသန္တာရွှေ၊ ဒေါက်တာမြဇင်ရွှေ (သား) မောင်ဖြိုးကျော်သူ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀ |
| ၇၂၆၀။ | ဦးညီဝင်းနှင့်ဇနီး ဒေါ်လိလိချောင်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀ |
| ၇၂၆၁။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်ဖြူဖြူ (သား)ကိုရွှေဇံအောင်၊ မဟန်ဆုယဉ်၊ (မြေး) မောင်ဇွဲထက်အောင်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀ |
| ၇၂၆၂။ | ဗိုလ်ကြီးကျော်ဇင်ဦးအားရည်စူး၍ အမှတ်(၂၄၂)ခြေလျင်တပ်ရင်းမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀ |
| ၇၂၆၃။ | ဦးကိုကိုနှင့်ဇနီး၊ သား၊ သမီး၊ မြေးများ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀ |
| ၇၂၆၄။ | ဘိုးဘွား၊ မိဘများအားရည်စူးအမျှထား၍ (လေးလေး)ဒေါ်တင်ညွန့်၊ ဦးစိုးမင်းနှင့်ဇနီး ဒေါ်သင်းသင်းခိုင်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်အိမ်ရာ၊ တိုက်(11-A)၊ အခန်း(၂၅၀)၏ အမည်ပေါက် ဒေါ်ရီရီသိန်း [၉/မနမ(နိုင်)၀၆၉၆၃၈] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မိမိအေး [၁၂/သကတ(နိုင်)၀၀၉၀၁၆]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## အမည်မှန်

ဖြူးမြို့နယ်၊ သနပ်ကွင်း၊ မူလတန်းလွန်ကျောင်း၊ Grade-3 မှ အဖ ဦးကျော်သူရထွန်း၏သမီး မရွှေချစ်တုံ၏ အမည်မှန်မှာ မရတနာလင်းလက် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၄၄)**
**Ph:09-986252412**

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၄)၊ အမှတ်-၅၂(A)နေ (ဘ) ဦးဒိုပုန်း ၏သား ဦးကျော်ရာဇာထွန်း [၉/ပဥလ(နိုင်)၀၂၁၇၄၈]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၁၂-၁၉၈၇) ဖြစ်ပါသည်။

## ဖခင်အမည်မှန်

(ဘ) ဦးဂူကျီပေါ်၏သမီး ဝိုင်းမော်မြို့၊ အထက(၁)၊ Grade-11(D) မှ မဂူဆီနာ ၏ အမည်မှန်မှာ မဂူစေနာ [၁/ဝမန(နိုင်)၁၃၀၅၁၄] ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မအင်ထန်းထု [၁/မကန(နိုင်)၁၉၃၃၅၆] ၏ ပတ်စ်ပို့နံပါတ် (MB-538045) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၁၀၉၁၁၆**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်-၁၄၆၇၊ အကျယ်အဝန်း- ၄၀ပေx၆၀ပေရှိ (မျက်မြင်အခြေအနေအတိုင်းအုတ်တံတိုင်းကာရံထားသော)ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၄၆၇)၊ စေတနာလမ်းနှင့်စေတနာ(၃)လမ်းထောင့်၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဟန်စိုး [၁၂/မရက(နိုင်)၀၅၁၉၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ဦးနေမျိုးသန်း [၁၂/ သကတ(နိုင်) ၀၀၀၈၅၅] နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ခင်လှလှဝင်း [၁၂/သကတ(နိုင်)၀၀၉၈၄၆] ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်း ဘဏ်ခွဲ(၂)ဝန်ထမ်းအိမ်ရာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဦးနေမျိုးသန်းတို့သည် ဗမာလူမျိုးဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး မြန်မာဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသည့်အတွက် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ကျောက်တံတားမြို့နယ်တရားရုံးတွင် ကွာရှင်းမှတ်ပုံတင်အမှတ်၂၉/၂၃ ရက်စွဲ၂-၁၀-၂၀၂၃ဖြင့် ရုံးတော်ရှေ့လက်မှတ်ရေးထိုးကွာရှင်းပြီးဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ယင်းကတိစာချုပ်အရ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်မှု မရှိတော့သည့်အပြင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကိုဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကိုထိပါးစော်ကားခြင်း၊ အသရေပျက်စေခြင်း၊ နှောင့်ယှက်ခြင်းများကို ဤကြော်ငြာပါသည့်နေ့မှစ၍ နောက်နောင်တွင်မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေအရအရေးယူဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ဦးနေမျိုးသန်းနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်လှလှဝင်း** | **ဦးစန်းလှိုင်(LL.B)၊ ဒေါ်တင်ချို(BA.Law,LL.B)** |
| **[၁၂/သကတ(နိုင်)၀၀၉၈၄၆]** | **တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၅၃၀၉ စဉ်-၃၄၄၉** |
| | **(၂၉-၆-၁၉၉၀) (၂၈-၁၁-၁၉၈၅)** |
| | **ဖုန်း-၀၉-၂၅၀၇၉၆၃၉၄** |

## ပျောက်ဆုံးကြောင်း

ဦးမျိုးမြင့်သိန်း [၁၂/သဃက(နိုင်)၀၄၀၀၈၅]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ME ၂၇၈၆၅၈ သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-424444962**

**ညအချိန်**
**အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ**
**ပိတ်ထားခြင်း**
**ဖြင့်**
**လျှပ်စစ်ကို**
**နေ့စဉ်**
**ချွေတာသင့်**
**ပါသည်**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ အမှတ်-၅၈၉/၅၉၂ တွင် နေထိုင်သူ ဒေါ်မာလာဝင်း [၁၂/သဃက(နိုင်)၀၄၂၅၃၈]၏ လွှဲအပ်တာဝန်ပေးညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်မာလာဝင်း [၁၂/သဃက(နိုင်)၀၄၂၅၃၈] နှင့် Mr.Harry Kasuma Aliwarga @ Mr.Kiwi (Passport No.C0826837)တို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ (၂၉-၁၁-၁၉၉၇)ရက်နေ့တွင် တရားဝင် ထိမ်းမြားလက်ထပ်ပေါင်းသင်းခဲ့ကြရာ သမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး တရားဝင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့ပါ၍ (၆-၁၁-၂၀၂၃)ရက်နေ့တွင် မရမ်းကုန်းခရိုင်တရားရုံးတော်၌ မှတ်ပုံတင်စာရင်းအမှတ်(၁/၂၀၂၃)ဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်း "နှစ်ဦးသဘောတူဝန်ခံကတိပြုချက်စာချုပ်"ဖြင့် ချုပ်ဆိုခွဲဝေယူကြပြီးဖြစ်ပါ၍ နောက်နောင်တွင် Mr.Harry Kasuma Aliwarga @ Mr.Kiwi နှင့် ပတ်သက်သော စီးပွားရေး၊ လူမှုရေး ကိစ္စအ၀၀အားလုံးတို့သည် ဒေါ်မာလာဝင်း နှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦးလည်း မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးတင်အေး(ရေတာရှည်)** | **ဦးမျိုးမင်းထွန်း (LL.B)** |
| **(H.G.P, LL.B, D.B.L)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၁၅)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၈၈)** | **အမှတ်(၁၃၈)၊ ပတ္တမြားလမ်း၊** |
| **အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊** | **(၃)ရပ်ကွက်၊** |
| **ဆ-ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်၊** | **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ရန်ကုန်မြို့။** | |

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်းသွယ်၊ အမှတ်(၁၈၀)နေ ဒေါ်ဖြိုးသီရိအေး[၁၂/ထတပ(နိုင်)၀၈၉၉၀၀]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မိမိပိုင်ဆိုင်သောကုန်အမှတ်တံဆိပ်အဖြစ် မြွက်ဟကြေညာ၍ မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-




**Reg : No.9495/2023**

အထက်ဖော်ပြပါ **"ဘုန်းကံပွင့်"** အမှတ်တံဆိပ်ဖြင့် နံ့သာအမွှေးတိုင်ကို ထုတ်လုပ်ပြီး ၎င်းအားထည့်သွင်း အသုံးပြုသည့် ပလတ်စတစ်ထုပ်၊ စက္ကူအိတ်၊ ပလတ်စတစ်ဘူး စသည်တို့အပေါ်တွင် အဆိုပါ **"ဘုန်းကံပွင့်"** အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ဖိနှိပ်၊ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ ထို့ပြင် ဆက်သွယ်ရေးနည်းပညာဖြင့် အသုံးပြုသော Social Media များဖြစ်သော Facebook, TikTok, YouTube, Telegram, Instagram စသည်တို့တွင်လည်း အဆိုပါတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဖြန့်ချိရောင်းချပြီး ကြော်ငြာသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးသီရိအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၅/ ၂၀၁၂)**
**တိုက်အမှတ်(C-2)၊ အခန်းအမှတ်(A-103),**
**Time Square Condo၊ ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-250000587, 09-799606825**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁-က/ ဥတ္တရသီရိတောင်ရပ်၊ မြေရေိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၇၈၂)၊ ဒေါ်မေခိုင်စိုး(ခ)အေးသီရိအောင်၊ (ဘ)ဦးသာအေး အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသက်ခိုင်ဦး [၈/ပဖန(နိုင်) ၀၇၀၆၆၃] (ဘ)ဦးအောင်မှီ မှ နေပြည်တော်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၈၀/၂၀၂၃(၃-၁၀-၂၀၂၃)တင်ပြ၍ ဒေါ်မေသန္တာဝင်း [၇/သပန(နိုင်) ၀၇၀၃၀၄](ဘ) ဦးစိုးအောင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့(၂၁-၁၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီးလာရောက် ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ သိန်းတစ်ရာလမ်း၊ အမှတ်(၁၈၆၇)နေ ဦးစန်းဦး [၁၂/ကခက(နိုင်)၀၀၀၅၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်သည်မှာ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊ အမှတ် (၁၈၇၄) မြေကွက်သည် ဦးစန်းဦးနှင့် ဒေါ်အေးအေးမူညွန့်တို့က မူလပါမစ်အမည်ပေါက် ဒေါ်စိုးမှီ၊ မခင်စိုးဦးတို့ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ ဦးစန်းဦး၏ မိတ်ဆွေမှ အဆိုပါမြေကွက်အားရောင်းချပေး မည်ဟုကမ်းလှမ်းပြောဆိုချက်ကို ယုံကြည်ပြီး ဦးစန်းဦးက ပါမစ်မူရင်းများကိုပေးအပ်လိုက်ပါသည်။ သို့သော် မြေကွက်အား အချိန်အတော်ကြာသည်အထိ အရောင်းအဝယ်ပြုလုပ်ပေးခြင်း မရှိသဖြင့် ပါမစ်မူရင်းများအားပြန်တောင်းရာ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။ အဆက်အသွယ်လည်း ပြုလုပ်၍မရပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရှင်မှာ ဦးစန်းဦး၊ ဒေါ်အေးအေးမူညွန့်တို့သာဖြစ်ပြီး ၎င်းတို့ မသိရှိဘဲအရောင်းအဝယ်ပြုလုပ်ခြင်း၊ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအား မပြုလုပ်ရန်နှင့်ပြုလုပ်လာပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သီတာဦး(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်အိအိဖြိုး(အထက်တန်းရှေ့နေ)** |
| **စဉ်-(၈၅၇၂)** | **စဉ်- (၅၃၈၅၂)** |
| **ဖုန်း-၀၉-၄၃၀၉၅၈၁၁** | **ဖုန်း-၀၉-၄၂၀၀၅၈၅၈၈** |

**အမှတ်(၈၃)၊ ဒုတိယထပ်၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အိမ်အမှတ်(၇/၆)၊ အကျယ်အဝန်း[မျက်နှာ၁၀(၂၅.၁၀)ပေ x အရှည်(၆၅.၃)ပေ]ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်သန်း [၁၂/အစန(နိုင်) ၁၄၀၄၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူထွန်း[၁၂/အစန(နိုင်) ၂၃၀၄၁၀]က(၄-၁၁-၂၀၂၃) ရက်နေ့တွင်ရောင်းဖိုးငွေအပြေအကျေပေးချေ၍ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မိုးမြတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၁/၁၄-၆-၁၈)**
**ရုံး-ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊တရားရုံးအရှေ့ရုံးပတ်လမ်း၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-757641170**

## KTC Myanmar Co., Ltd. ၏ အစုရှယ်ယာလွှဲချကြောင်း ကြော်ငြာခြင်း

ကျွန်ုပ်တို့ KTC Myanmar Co., Ltd ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်-

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ချယ်ရီဥယျာဉ်အိမ်ရာတွင် ဖွင့်လှစ်ထားသော KTC Myanmar Co., Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၅၁၃၂၄၈) သည် (၁-၉-၂၀၂၃) နေ့တွင် ကျင်းပသည့် ကုမ္ပဏီရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာ မတည်ငွေရင်း (၅၀,၀၀၀,၀၀၀/-) (ငွေကျပ် သိန်းငါးရာ)မှ ငွေကျပ် (၁၀,၀၀၀,၀၀၀/) (ငွေကျပ် သိန်းတစ်ရာ)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်များ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်(၇)ရပ်ကွက်၊ မောင်းတန်းလမ်း၊ တိုက်-၁၂ ရှိမြေညီထပ်နှင့် မှန်ခန်းအပါအဝင် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဦးတင်လတ် [၁၂/သကတ(နိုင်)၀၂၆၂၀၈]ထံမှ ကျွန်ုပ်မ ဒေါ်ချောအေးအေးထွန်းမင်းက တရားဝင် အပြီးအပိုင်ဝယ် ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသဖြင့် ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောအေးအေးထွန်းမင်း**
**[၁၂/လမန(နိုင်)၁၂၄၄၃၁]**
**အမှတ်(၁၀)၊ မောင်းတန်းလမ်း၊ ဒုတိယထပ်(ဘယ်) (၇)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်။ Ph: 09-952133993**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းမကြီး၊ မြေကွက်အမှတ် (၁၂၄၅)၊ ဒေါ်တင်နွဲ့ (CG-၀၅၃၁၆၅)၊ အမည်ပေါက် ဧရိယာ (၄၀ ပေ x ၆၀ ပေ) ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးစိုးငယ် [၇/မလန(နိုင်)၁၁၃၄၀၄] ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)**
**အမှတ် (၂၈၈)၊ စိန်ပန်းမြိုင် (၄)လမ်း၊ ၁၇-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၄၆၀၈၅၉၄**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက်(၁)၊ အခန်း (၂၃) နေ ဦးကျော်စံလှိုင် [၅/ဝသန(နိုင်)၀၁၇၃၆၉]၊ ဒေါ်စန္ဒာဦး [၁၂/ပဇတ(နိုင်) ၀၂၈၀၁၄] တို့၏သား မောင်ဇေယျာမင်းထက် [၁၂/သဃက(နိုင်) ၁၉၈၃၄၈] ကိုင်ဆောင်သူသည် မိသားစုအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေပြီး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စံလှိုင်-ဒေါ်စန္ဒာဦး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ အမှတ် (၁၆၈၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀'x၆၀')ရှိ ဦးတင်ဟန် (AB-007354) အမည်ပေါက်ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀'x၆၀')ရှိမြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အား လက်ရှိထား ပိုင်ဆိုင်သူဖြစ်သည့် ဦးတင်အောင်မိုး [၁၂/ဗဟန(နိုင်) ၀၃၅၃၁၃]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်း အထောက်အထား များနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၈)၊ မြေကွက်အမှတ်(၂၀၈)၊ အကျယ်အဝန်း (၄၄ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၀၈)၊ အောင်သုခ (၁)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်တို့အား ဂရန်အမည်ပေါက် ဒေါ်ခင်မြနု [၁၁/စတန (နိုင်)၀၀၈၀၉၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုနှင်းထိုက် [၁၂/မရက(နိုင်)၁၅၃၉၁၀]က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်း အဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၁၁၂)၊ အခန်းအမှတ်(၃၂) ဟုခေါ်တွင်သော ပေအကျယ် (၁၅ပေ x ၆၀ပေ)ရှိပြီး တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးသောင်းထိုက် [၁၂/ရကန(နိုင်)၀၄၈၆၀၉] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေဖြင့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၅၀၆၀၆)**
**အမှတ်(၄၅)၊ အောင်မေတ္တာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၄၂၅၀၁၂၂၂၅၊ ၀၉-၇၇၅၃၇၄၅၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅ သမိုင်း)၊ မြေကွက်အမှတ်-၃/င၊ ဒေါ်နူဖံဘီဘီ ပါ (၉)ဦး အမည်ပေါက် B မြေပိုင်မြေကွက်ကြီး အနက်မှ ဆီစက်ဧရိယာအဖြစ် သတ်မှတ်ထားသော (၁.၁၄၅)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်**တို့အား ဦးလှမြင့် (ဘ) ဦးမောင်စိန် [၁၂/ကတတ(နိုင်)၀၀၈၈၀၀]၊ ၎င်း၏ကိုယ်စား အထွေထွေကိုယ်စားလှယ်စာရရှိထားသော သမီးဖြစ်ကြောင်းဝန်ခံသူ ဒေါ်စန်းစန်းမြင့် [၁၂/ကတတ(နိုင်)၀၀၈၈၀၄]က တရားဝင် လက်ဝယ်ရှိပိုင်ဆိုင်ပြီး မည်သူ့ကိုမဆို လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံပြီး အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L ) တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ်၊ Strand Condominium၊**
**အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၄၂၃/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ (၀.၀၂၇)ဧကရှိ ဒေါ်သန်းသန်းမြင့်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၂၃/က)၊ မင်းရဲကျော်စွာလမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမြင့် [၁၂/မရက(နိုင်)၀၈၅၀၂၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာမမ (LL.B, D.M,L,D.I.L)** — **ဒေါ်ခင်မျိုးလတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)** — **အထက်တန်းရှေ့နေ (စဉ်-၅၁၃၆၆)**
**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## DREAM

ခန်းစီးလိုက်ကာနှင့်
ဆိုဖာဆက်တီ
ဒီဇိုင်းမျိုးစုံ
ပြုပြင်ရေး

**Ph: 09-5060996**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ကိုကိုဌေး [၁၂/သဃက (နိုင်) ၁၄၉၃၇၅]၏ ပတ်စ်ပို့နံပါတ် (813831)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-43033617**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မျိုးထွဋ် [၁၂/ကမန(နိုင်)၁၁၁၀၀၆] ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၉၆၈၆၀၅၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ ဘားလားသစ်ခွအထူးဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၉၇၊ မြေကွက်အမှတ် ၁၄၉၊ ဧရိယာ ၁.၄၇၄ ဧက မြေကွက်တည်နေရာအမှတ်- ၁၄၉၊ ရွှေနံ့သာဘားလား သစ်ခွစိုက်ပျိုးရေး ထုတ်လုပ်ရေးအထူးဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စုရှိ သစ်ခွစိုက်ပျိုးရေး ထုတ်လုပ်ရေး အထူးဇုန်ဧရိယာအတွင်းရှိ လုပ်ကိုင်ခွင့်ရရှိထားသူများစာရင်းတွင် အမည်ပေါက် ဗိုလ်မှူးကြီးစိန်မြင့်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်တင်တင်ချို [၁၂/ဥကမ (နိုင်) ၀၁၈၆၆၆]၊ ဦးရဲမြတ်ကျော် [၁၂/သကတ (နိုင်) ၁၆၄၀၉၈]တို့မှ ရွှေနံ့သာ သစ်ခွစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီ၊ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာမူရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၈) ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၁၃၄၁)၊ **ဒေါ်ဌေးဌေးတင်** ပါမစ်အမည်ပေါက် ဧရိယာ (၄၀ပေx၆၀ပေ)အနက်မှ ဧရိယာ (၁၅ပေx၆၀ပေ)အား အရောင်းအဝယ်အဆင့်ဆင့် စာချုပ်ဖြင့် နောက်ဆုံးဝယ်ယူခဲ့သည့် **ဒေါ်လမင်းဖြူ [၁၂/ဥကမ(နိုင်) ၁၉၅၉၉၈]** ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မေဇင်သော်**သည် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဇင်သော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း LL.B, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုမင်္ဂလာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၄၀၂၅၁၂၉၀၁**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁-လမ်း၊ အမှတ် ( ၂၅ )တွင် ဖွင့်လှစ်ထားသော **GALAXY THAW MADI SERVICE CO.,LTD** ၏ ဒါရိုက်တာဖြစ်သူ ဒေါ်နီလာထွေး [၁၂/ပဘတ(နိုင်)၀၀၂၅၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာထွေးသည် **GALAXY THAW MADI SERVICE CO.,LTD** ကိုတည်ထောင်ပြီး **US Student Visa** လျှောက်ပေးခြင်းနှင့် အမေရိကန်နိုင်ငံတွင် ကျောင်းသားများ ကျောင်းတက်နိုင်ရန်အတွက် လျှောက်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းအား ယနေ့အချိန်ထိ ဂုဏ်သိက္ခာရှိစွာဖြင့် လုပ်ဆောင်နေသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာထွေး၏ ဂုဏ်သိက္ခာနှင့် ကုမ္ပဏီ၏ဂုဏ်သိက္ခာတို့အားကျဆင်းစေရန်ရည်ရွယ်ပြီး အများပြည်သူ အသုံးပြုလျက်ရှိသော လူမှုကွန်ရက်စာမျက်နှာ (**Facebook**) မှသော်လည်းကောင်း၊ **Messenger** မှသော်လည်းကောင်း၊ အချို့သော **Account** များဖြင့် ကျွန်ုပ်မိတ်ဆွေ၏အမည်နှင့် ကုမ္ပဏီအမည် ပျက်ယွင်းအောင်ရေးသားခြင်း၊ နှုတ်ဖြင့်မမှန်မကန်သတင်းများကို ပြောဆိုဖြန့်ဖြူးခြင်း၊ **Viber** ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျွန်ုပ်မိတ်ဆွေအား အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ အွန်လိုင်းမီဒီယာများမှတစ်ဆင့် ဂုဏ်သိက္ခာညှိုးနွမ်းနစ်နာစေလိုသောအကြံဖြင့် စာသားများ၊ ဓာတ်ပုံများ၊ ဖြန့်ဖြူးပြုမူရေးသားပြောဆိုခြင်း၊ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသည် အခြားကုမ္ပဏီတစ်ခုနှင့် တွဲ၍ဖွင့်လှစ်လုပ်ဆောင်သကဲ့သို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြောဆိုရေးသားခြင်းတို့ကို မပြုလုပ်ရန် သက်ဆိုင်သူများအား အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာထွေးမှ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## "ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ပြည်သာယာလမ်းသွယ် (၃)၊ အမှတ်(ခ/၉၃)၊ အကျယ်အဝန်း ၈၁၅ စ/ပေရှိ UBC Condo Tower(B)၊ အခန်းအမှတ်(B-507)၊ 5-လွှာ ကွန်ဒိုတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရွှေရည်ဖူး [၁၃/တကန(နိုင်)၂၇၆၈၉၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စိမ်းလဲ့ခိုင် [၁၂/စခန(နိုင်)၀၇၀၅၀၂]က ဝယ်ယူရန် သဘောတူညီခဲ့ကြပြီးနောက် ယင်းတိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများကိုယူဆောင်၍ ယခုကြော်ငြာစာပါသည့်နေ့မှ (၇)ရက်တွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းဝယ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စုစုဖြိုး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၄)**
**အမှတ်-၈၄၅/ခ၊ ငွေစင်လမ်း၊ ၄၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၂၅၂၄၇၀၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၈)၊ မြေကွက်အမှတ် (၅၀/ခ-၅)၊ ဧရိယာ (၀.၂၇၁)ဧကအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ဦးမျိုးညွန့် [၁၂/အစန(နိုင်)၀၅၇၂၁၀] အမည်ဖြင့် ချထားပေးခြင်းခံရသော အကျယ်အဝန်း (အလျား ၉၀ပေx အနံ ၄၀ပေရှိ) မြေပိုင်မြေ (လ/န-၃၉) မြေအမျိုးအစား မြေကွက် (ယခုအခေါ်) ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝါကင်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၂၆) ဟုခေါ်တွင်သောမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ယင်းတို့နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်အင်လုံဆိုင်းဂျာ [၁/အဂယ(နိုင်)၀၀၁၆၁၅]မှ မိမိသာ တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝမ်ချိုးဖင့် [၁၃/ဆဆန(နိုင်)၀၁၁၅၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L)** — **ဒေါ်ယွန်းမြတ်သွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၁)**
**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၉၈၉၄၂၊၀၉-၂၀၃၉၀၄၁**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၁၃၃)တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် Honey Hive Co., Ltd ကုမ္ပဏီ မှတ်ပုံတင်အမှတ်- ၁၃၀၅၉၃၇၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အောက်ဖော်ပြထားသော UNCLE'S PORK BURGER ASHU လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၁၉-၁၀-၂၀၂၃) ရက်နေ့တွင် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်- ၆၆၉၃/၂၀၂၃ မှတ်ပုံတင်သွင်းထားသည့် တစ်ဦးတည်း ပိုင်ရှင်ဖြစ်ပါသည်။

阿叔猪
UNCLE'S PORK BURGER A SHU

အထက်ဖော်ပြပါ ထိုအမှတ်တံဆိပ်ဖြင့် ဘာဂါမျိုးစုံ ကြက်၊ ဝက်၊ ငါး၊ ပင်လယ်စာနှင့် ပတ်သက်သော မုန့်မျိုးစုံ၊ ဖျော်ရည်၊ အအေးမျိုးစုံ၊ ကော်ဖီမျိုးစုံ၊ ရေခဲမုန့်၊ ကိတ်/ပေါင်မုန့် မျိုးစုံတို့ကို မူလပုံစံမဟုတ် ဆက်လက်တီထွင်ကြံဆ၍ ဆန်းကြယ်သော ခေတ်မီနည်းစနစ်များဖြင့် ဖော်ပြ၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ အမြို့မြို့ အနယ်နယ် အနှံ့အပြားတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကိုဖြစ်စေ၊ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ တုပသုံးစွဲခြင်းအား မပြုကြရန်နှင့် ထိုသို့ ပြုလုပ်နေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပါမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**Honey Hive Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သူဇာနွယ် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၅၀၀၃)**
**အမှတ် - A/2 (47) ယမုံနာရိပ်မွန်အိမ်ရာ၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၄၂၂၇၁၈၂**

## ဝရမ်းစွဲကပ်သူ တရားနိုင်သို့ ပေးရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈)
## မင်္ဂလာဒုံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၇
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၂၆

| | | |
|---|---|---|
| ဦးမျိုးမင်းဦး | နှင့် | ၁။ ဦးရာဇာဖြိုးအောင် |
| | | ၂။ ဒေါ်သီရိအောင် |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

**အမှတ်-၉၂၆/ခ၊ ဘိုကလေး (၆)လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂) လျှောက်ထားခံရသူ ဒေါ်သီရိအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။**

ရုံးက **၂၀၂၂ ခုနှစ်၊ တရားမမှုအမှတ်- ၂၇၂** တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် သင်ကလျှောက်ထားချက်အရ **"ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ သခင်မြ (၄)လမ်း၊ အမှတ် (၂၈၃/ခ)ရှိ မြေအကျယ်အဝန်း (၂၀x၆၀)ပေနှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်အိမ်"**အပေါ်တွင် စွဲကပ်ထားသည့် ဝရမ်းကိုခွာပေးပါမည့်အကြောင်းနှင့် ဤအကြောင်းကြားစာနှင့် ပူးတွဲပါသည့် လျှောက်လွှာလက်ခံနှင့် ကျမ်းကျိန်လွှာအတိုင်း **ဦးမျိုးမင်းဦး**က ဤရုံးတွင် လျှောက်ထားသည်ဖြစ်၍ ဝရမ်းစွဲကပ်သူ တရားနိုင်အနေနှင့် သင်က ဝရမ်းစွဲကပ်ပိုင်ကြောင်းကို လျှောက်လဲချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ လျှောက်လဲချေဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်)**နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့၌ ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ သုခလမ်းနှင့် စိတ္တာသုခလမ်းထောင့်၊ မြေကွက်အမှတ်(၉၂၈)၊ ဦးဟန်စော [၁၂/သဃက(နိုင်)၀၂၄၀၉၃] အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးစိုးငယ် [၇/မလန(နိုင်)၁၁၃၄၀၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ပိုင်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)**
**အမှတ်(၂၈၈)၊ စိန်ပန်းမြိုင်(၄)လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၄၆၀၈၅၉၄**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊(၇)ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် (၅၈)၊ ပထမထပ်တိုက်ခန်းကို မျက်နှာမူ၍ကြည့်သော် (ညာခြမ်း)ဟုခေါ်တွင်သော တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဦးတင်ထွန်းမြိုင် (CI-၀၂၈၇၆၈)၊ [၁၂/ပဇတ(နိုင်)၀၁၀၅၆၀]မှ ''(၈-၆-၁၉၉၅)ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်''ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ဦးတင်ထွန်းမြိုင်မှာ (၂၅-၁-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ဇနီးဒေါ်လှလှဝင်း [၁၂/ပဇတ(နိုင်)၀၁၀၆၂၆]မှာ (၈-၇-၂၀၂၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး၊ တစ်ဦးတည်းသောသားဖြစ်သူ ရောင်းသူ ဦးအောင်ကိုကိုသက် (ခ) ဦးအောင်အောင် [၁၂/ပဇတ(နိုင်)၀၂၆၆၉၉]မှ အမွေဆက်ခံခွင့်ရှိသူအဖြစ် ရောင်းချခြင်းဖြစ်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်း အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း – ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်–၂၉၅ (မြေညီထပ်–ဘယ်) နေ ဦးမောင်ထွန်းအေး [၁၁/ပဏက(နိုင်)၀၁၅၂၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၂၂၅)၊ (အလျား ၄၀ပေ x အနံ၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကိုလည်းကောင်း၊ ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ အောက်ထပ်သံမံတလင်းခင်း၊ အပေါ်ထပ်ကျောက်ပြားခင်း၊ (၂ပင် x ၁ခန်း)ရှိသော နှစ်ထပ်တိုက် (၁)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ မိမိတစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးခိုင် [၁၂/လသယ(နိုင်)၀၃၁၅၀၆]ထံ အထက်အမည်ပါ ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းကြေး၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုရှိကြောင်း (မူရင်း)ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိ၍ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမောင်ထွန်းအေး [၁၁/ပဏက(နိုင်)၀၁၅၂၂၀]**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်သန်း** | **ဒေါ်ပွင့်ဖြိုးဝေ** |
| **B.A (Law), LL.B** | **B.A (Business Law), M.A (Business Law),LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၇၀/၇၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၆၄၃/၁၇)** |
| **အမှတ်–၂၈၄၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (09-5413556)** | **အမှတ်–၂၉၂/B၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (09-254779774)** |

**ဦးအောင်မိုးထိုက်**
**(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၂၅၄/၂၀၀၁)**
**အမှတ်–၂၈၈၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ 09-420293103**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ တကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ အိမ်အမှတ်(၈၆–အေ/ဘီ)နှင့်(၆၁)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၂၃)ပေ၊ အနံ (၆၀)ပေအကျယ်ရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦများနှင့် မီတာ (၃)လုံးအပါအဝင် နှင့် ယင်းအိမ်ခြံမြေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ခိုင် [၁၂/မရက(နိုင်)၀၇၈၅၃၅] နှင့် ဒေါ်ညိုညိုခိုင် [၁၂/မရက(နိုင်) ၀၈၀၅၈၈]တို့မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနိုးသော်ခ်ကပ် [၄/ဖလန(နိုင်)၀၁၇၄၇၀] နှင့် ဒေါ်တွန်နဲမ် [၄/ဖလန(နိုင်) ၀၂၈၂၂၈]တို့မှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးအောင်ဇော်မိုး (LL.B)** | **ဒေါ်တင်ဇာလင်း (LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၅၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၂၈၈)** |
| **ဖုန်း–၀၉–၇၈၉၃၅၆၄၆၂** | **ဖုန်း–၀၉–၇၆၄၀၂၀၈၀၃** |

**အင်းစိန်စုပေါင်းရုံးဝင်း၊ ရှေ့နေများနားနေခန်း၊ အင်းစိန်မြို့နယ်။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ဗိုလ်တထောင်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇၄**

| | | |
|---|---|---|
| ဦးငွေအောင် | နှင့် | ၁။ ဦးစည်သူမောင် |
| | | ၂။ ဦးခင်မောင်မြင့် |
| | | ၃။ ဒေါ်သန်းသန်းရီ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ လက်ပံတန်းမြို့နယ်၊ မြို့မရပ်ကွက်၊ နယ်မြေ (၁၀)၊ အမှတ်–မရှိ နေ(ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်(၁) ဦးစည်သူမောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ယုံကြည်စွာဖြင့် အပ်နှံပေးခဲ့သောငွေကျပ် စုစုပေါင်း (၃၄၅၀၀၀၀၀)ပြန်လည်ရလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ( ၇ )ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## နိုင်ငံကူးလက်မှတ်

## ပျောက်ဆုံးကြောင်း

ဦးဇော်မိုးအောင်(ဘ)ဦးအောင်ကြီး [၉/ပဘန(နိုင်)၀၀၁၃၁၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် MH 518109 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-946888868**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅-၁၀-၂၀၂၃) ရက် ကြေးမုံသတင်းစာကြော်ငြာ၊ စာမျက်နှာ (၂၆)ပါ အထက်တန်းရှေ့နေ ဦးညာဏ်မင်းထက် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် နဝရတ်လမ်းအစား ရတနာပုံပတ်လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးထူးအောင်စိုး[၁၀/မလမ(နိုင်) ၁၃၉၀၄၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်– 701466 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph–09-261948288**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး
## "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့၊ ရဲအကူတပ်ဖွဲ့ခွဲမှ X-Ray စက်(၆)လုံးနှင့် Walk Throngh စက် (၁၆)လုံး အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ထိန်းသိမ်းပြုပြင်ရန်လိုအပ်သဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်း X-Ray စက်(၆)လုံးနှင့် Walk Throngh စက်(၁၆)လုံးတို့အား ပြင်ဆင်လိုသည့် အစိတ်အပိုင်းကို သိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် – ၈-၁၁-၂၀၂၃(ဗုဒ္ဓဟူးနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်ရက် –၁၃-၁၁-၂၀၂၃(တနင်္လာနေ့)

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ်(၃၉၂/က)၊ ဧရိယာ(၀.၀၂၆)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက်၊ နွယ်နီ (၁၀)လမ်း၊ အမှတ် (၃၉၂/က)၊ တစ်ခန်းတွဲ (၆) ထပ်တိုက်၏ တတိယထပ် (၄) လွှာ၊ အကျယ်အဝန်း (၁၇ ပေ x ၅၄ ပေ)ရှိ လူနေတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးကျော်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်ဖြိုးအောင် [၁၄/မအပ(နိုင်)၂၂၇၅၂၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲညွန့်**
**အထက်တန်းရှေ့နေ (စဉ်–၉၆၄၁/၁၀-၇-၁၉၈၄)**
**အမှတ်(၁၁၈)၊ ဒုတိယထပ်၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၅၁၁၄၅၇၅၊ ၀၉–၇၈၄၈၉၉၂၅၅**

တရားမပုံစံအမှတ် ၉၃

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန်
## အကြောင်းအရာများကို
## စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**

**မရမ်းကုန်းခရိုင်တရားရုံးတော်**

**၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်–၃၁၁**

(ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၀ခုနှစ်၊ တရားမကြီးအမှုအမှတ်– ၂၄၀ နှင့် ဆက်နွယ်သည်။)

| | | |
|---|---|---|
| (ယခင်) မြန်မာ့မွေးမြူရေးနှင့် | နှင့် | (၁)ဦးစိုးတင့် |
| ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် | | (၂) ဒေါ်ရင်မြိုင် |
| (ယခု)ကမ္ဘာ့ရတနာဘဏ် | | (၃) ဒေါ်ဝင်းမွန်မွန် |
| (အများနှင့် သက်ဆိုင်သော | | (၄) ဦးစည်သူဝင်း |
| ကုမ္ပဏီလီမိတက်) | | |
| [၎င်းကိုယ်စား–ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)] | | |
| **(တရားနိုင်)** | | **(တရားရှုံးများ)** |

အထက်ပါအမှုမှ တရားရှုံးများ၏ ယခင်နေရပ်လိပ်စာအမှတ် (၃၆/B)၊ ရောဝဏ်လမ်းသွယ်၊ ၄၄/ကံဘဲ့ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ တရားရှုံးများဖြစ်သော အမှတ်(၁) ဦးစိုးတင့်၊ အမှတ်(၂) ဒေါ်ရင်မြိုင်၊ အမှတ်(၃) ဒေါ်ဝင်းမွန်မွန်၊ အမှတ်(၄) ဦးစည်သူဝင်း (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

အထက်ပါအမှုမှ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ်–ကံဘဲ့၊ မြေကွက်အမှတ်(၂၀/က၇)၊ မြေအမျိုးအစားမြေပိုင်မြေ၃(ခ)ရပြီး၊ ဦးစိုးတင့်၊ ဒေါ်ရင်မြိုင် အမည်ပေါက်၊ ဧရိယာ(၀.၀၃၉)ဧကနှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူတရားနိုင်(ယခင်) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ (ယခု) ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)က လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်၊ ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၃) ရက်နေ့ မွန်းမတည့်မီ (၁၀:၃၀)နာရီ ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် အရေးကြီးပုဂ္ဂိုလ် အခမ်းအနားများတွင် ဓာတ်အားမပြတ်တောက်စေရေး အတွက် အသုံးပြုရန် လိုအပ်သည့် Mobile UPS 30 kVA (1) Set နှင့် 60 kVA (2) Set တို့အားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၈.၁၁.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှ (၂၃.၁၁.၂၀၂၃) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် – ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် သတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာတင်သွင်းနိုင်သော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်–

Lot – 1 – တီရှပ်၊ စပို့ရှပ်၊ ဦးထုပ်

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များအား တင်ဒါစည်းကမ်းချက်တွင် ပူးတွဲဖော်ပြထားပြီး တစ်စောင်လျှင် ၁၀,၀၀၀/– (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည် –

| | | |
|---|---|---|
| (က) စတင်ရောင်းချမည့်ရက် | – | ( ၉ – ၁၁ –၂၀၂၃) ရက်မှ ( ၂၂ – ၁၁ – ၂၀၂၃) ရက် (၁၆:၀၀) နာရီထိ |
| ( ခ ) တင်ဒါပိတ်မည့်ရက် | – | ၂၂ – ၁၁ – ၂၀၂၃ရက် ညနေ (၁၆:၀၀) နာရီထိ |
| ( ဂ ) တင်ဒါဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရန် | – | စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာဌာန၊ ထောက်ပံ့ဌာနခွဲ၊ ပြည်သူ့အင်အား ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၄၈)၊ နေပြည်တော် |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၆၇–၄၃၁၀၆၆/ ၄၃၁၃၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊စမ်းမြောက်ရပ်ကွက်၊စမ်းရေတွင်းလမ်း၊ အမှတ်–၆/၈(B+C)နှစ်ခန်းတွဲ(မြေညီထပ်)တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များအရ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုမြွက်ဟဝန်ခံလာသူ ဒေါ်လှလှမြင့် [၁၄/ကလန(နိုင်)၀၀၇၆၄၃]နှင့်ဒေါ်ဆုပွင့်ဖြူ [၁၄/ဖပန(နိုင်)၁၈၅၃၁၆]တို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်နွယ်နီအောင်(LL.B, LL.M, D.I.R)** | **ဒေါ်ခိုင်ခိုင်ထွန်း(LL.B,DIPL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၄၈)** | **အထက်တန်းရှေ့နေ(စဉ်–၄၆၉၆၄)** |

**အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၀၅၈၃၅၈၊ ၀၉–၄၀၀၆၉၂၄၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၁၂၉/ခ)၊ သုံးလွှာ နေ ဒေါ်ရွှေဇင်ထွန်း (ဘ)ဦးလှထွန်း [၁၂/ဥကတ(နိုင်)၁၈၃၆၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေဇင်ထွန်းသည် ဒေါ်စန်းရီ၏မြေး ဒေါ်ခင်မြင့်၏သမီး ဒေါ်သန်းသန်းဝင်း၏ တူမဖြစ်ပြီး ယခု လက်ရှိနေထိုင်နေသော အမှတ်(၁၂၉/ခ)၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် သုံးလွှာနှင့်ငါးလွှာတိုက်ခန်းများသည် ဒေါ်စန်းရီပိုင်ဆိုင်သော တိုက်ခန်းများဖြစ်ပါသည်။ ဒေါ်စန်းရီ၊ ဒေါ်ခင်မြင့်၊ ဒေါ်သန်းသန်းဝင်းတို့သည် ကွယ်လွန်သွားပြီးဖြစ်သည့်အတွက် အဆိုပါ တိုက်ခန်းများကို ကျန်ရှိသည့်သားသမီး မြေးများမှ အညီမျှခွဲဝေယူကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်စန်းရီ၏သား ဦးလှဝင်း (ကျွန်ုပ်မိတ်ဆွေ၏ဦးလေး)၊ဒေါ်ခင်မြင့်၏သား/သမီး ဦးစိုးမိုးအောင် (အစ်ကို)၊ ဦးကျော်ဇေယျာထွန်း (အစ်ကို)၊ ဦးဖြိုးဇေယျာထွန်း(အစ်ကို)၊ ဒေါ်ရွှေဇင်ထွန်းတို့သည် အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြပါသည်။ ယခု ကျန်ရှိနေသောဒေါ်စန်းရီပိုင်ဆိုင်သောတိုက်ခန်းများကို ကျွန်ုပ်မိတ်ဆွေသည် ခရီးလွန်နေသည့်အတွက် ၎င်းပြန်လာချိန်တွင် အဆိုပါတိုက်ခန်းများထဲမှ ကျွန်ုပ်မိတ်ဆွေနေထိုင်နေသော သုံးလွှာတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ၏ ဦးလေးတော်စပ်သူဦးလှဝင်းမှ ရောင်းချနေကြောင်း သိရှိရပါသည်။ အဆိုပါ တိုက်ခန်းများသည် အမွေဆိုင်များဖြစ်၍ ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ရောင်းချနေသည့်အတွက် ရောင်းဝယ်ပြုလုပ်မည်ဆိုပါက တရားဝင်မည် မဟုတ်ပါ။ ယခုအရောင်းဝယ်ပြုလုပ်ထားသောတိုက်ခန်း၏အရောင်းဝယ်ပြုလုပ်ခြင်းကို ကျွန်ုပ်မိတ်ဆွေ ဒေါ်ရွှေဇင်ထွန်းမှ ကန့်ကွက်ပါသည်။ ထို့ကြောင့် အဆိုပါ အမွေဆိုင်တိုက်ခန်းများကို အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊လှူဒါန်းခြင်းတို့ကို လွှဲအပ်ညွှန်ကြားသူ ဒေါ်ရွှေဇင်ထွန်း မသိရှိဘဲ မပြုရန် နှင့် အရောင်းဝယ်ပြုလုပ်ခြင်းကို ဆက်လက်လုပ်ဆောင်မည်ဆိုပါက ဥပဒေကြောင်းအရ အရေးယူမည်ကို အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စုစုသက်ဝေ** | **ဒေါ်ခင်ချမ်းမြေ့လှိုင်** |
| **အထက်တန်းရှေ့နေ(စဉ်–၄၇၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၁၀၆၂)** |
| **၀၉–၆၈၅၂၀၁၁၇၅** | **၀၉–၆၈၅၂၀၁၂၄၂** |

**အမှတ်–၄၆၄၊ (၁၂)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## မြန်မာအယ်ဒီဘယ်အွိုင်း(လ်)အင်ဒတ်စထရီရယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## Myanmar Edible Oil Industrial Public Company Limited

## ဒုသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

Myanmar Edible Oil Industrial Public Company Limited ၏ ဒုသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည် –

ကျင်းပမည့်နေ့ရက် – ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၅) ရက်
ကျင်းပမည့်အချိန် – နံနက် (၁၀:၀၀) နာရီ
ကျင်းပမည့်နေရာ – Zoom Webinar

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ မှတ်ပုံတင်စာအုပ် (Member's Register) ကို ၂၂–၁၁–၂၀၂၃ ရက်နေ့မှ ၅–၁၂–၂၀၂၃ ရက်နေ့အထိ (၁၄) ရက်တိတိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ အစုရှယ်ယာရှင်တိုင်းကို ဖိတ်စာများ ပေးပို့မည်ဖြစ်ပြီး၊ အစည်းအဝေးတက်ရောက်ရန်အတွက် စာရင်းပေးသွင်းရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်းအမှတ် ၀၁ – ၂၃၀၂၅၅၇၊ ၀၉–၄၄၈၅၃၅၅၀၂၊ ၀၉–၈၈၀၁၉၀၀၁၅ သို့ ဆက်သွယ်နိုင်ပါကြောင်းအသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar Edible Oil Industrial Public Company Limited**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၀၊ မြေကွက်အမှတ်–၉၀၈၊ မြေကွက်တည်နေရာ အမှတ်–၉၀၈၊ နောင်ချိုလမ်း၊ ၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစန်းရီ (AD–၀၇၄၉၃၀) မြေအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးစန်းရီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှနှစ် [၁၂/အလန(နိုင်)၀၂၂၀၃၉]မှ ၎င်းသည်သာ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသည်သာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် (ခင်ပွန်း)ဦးစန်းရီ၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၈)၊ မြေကွက်အမှတ်(၄၂၃/ခ)အကျယ်အဝန်း (၂၃ပေx၆၀ပေ)ရှိ မြေကွက်သည် ဦးထွန်းမြင့်(AC–၀၄၀၃၃၁)အမည်ပေါက်သော မြေကွက် ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၄၂၃/ခ)၊ အောင်ရိပ်သာ(၃)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်နှင့် ဇနီးဖြစ်သူတို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့သည့် သားသမီး(၃)ဦးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ခွာညိုမြင့် [၁၂/သဃက(နိုင်)၀၃၇၁၈၂]မှမိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်တင်တင်ကြည် [၁၂/သဃက(နိုင်)၀၃၄၅၀၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ/၄၃)၊ မြေကွက်အမှတ်(၁၆၅/ခ)ဟုခေါ်တွင်သော အမှတ်(၁၆၅/ခ)၊ အောင်ရတနာလမ်းနှင့်သံလွင်ရွှေပြည်လမ်းထောင့်၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ရှိ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ) မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသိန်းလွင် [၁၂/ဗဟန(နိုင်)၀၃၂၄၇၄] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီးအမည်ပေါက်ထံမှ ဦးရန်နိုင် [၁၂/ရပသ(နိုင်)၀၈၆၆၉၃]သည် "နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ'' ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာ အောင် [၁၂/သဃက(နိုင်)၀၃၆၅၁၈]ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအောင်က အပြီး အပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက် အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၄၃၁၁၄၆၅၄၊ ၀၉ –၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)၊ ၁၆ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ်(၁၀၂၄/က)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၃X၆၀)ပေရှိ မြေကွက်ကို ပါမစ် အမည်ပေါက်ဖြစ်သူ ဦးစိန်ဝင်းထံမှ ဦးလှကြိုင်က ဝယ်ယူပိုင်ဆိုင် ခဲ့ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်သည့် အချိန်တွင် ဦးလှကြိုင်၏ ဇနီး ဒေါ်ရီနှင့် သမီးဖြစ်သူ ဒေါ်တင်မိုးခိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေတင့်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နိုင်နိုင်ထွန်း**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၂၀) (၈. ၂. ၂၀၂၂)
အမှတ်(၂၆၀)၊ ခေမာ(၂)လမ်း၊ ၅/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
**09-763016001**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းတွင် တည်ရှိသော မြေဧရိယာ(အလျား ၃၀ ပေ x အနံ ၉၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အမှတ်–၁၀၁၊ အခန်း–၈ ဟုခေါ်တွင်သည့် Duplex အုတ်ညှပ်(၂)ထပ်တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ရေ/မီး အပြည့်အစုံနှင့် တကွ တွယ်ကပ်ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့မှ ဦးညို (ခ) ဦးညိုကြီးအမည်ဖြင့် တရားဝင်ချထားပေးခြင်းခံရသော ပစ္စည်းများဖြစ်ပြီး၊ ဦးညိုထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ပေါက်တောရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးသိန်းဦး(ဘ) ဦးတင်ရွှေ [၁၂/သဃက(နိုင်)၀၆၅၁၁၄] နှင့် အမှတ်–၁၂၂ (ဂ)၊ ဘုရင့်နောင် (၂)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ နေ ဦးကျော်ဇင်ဦး (ဘ) ဦးသန့်ဇင်[၁၂/ဥကတ(နိုင်)၁၆၃၂၆၆] တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)** |
| **အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း–၀၉–၅၁၇၁၄၃၃** | **ဖုန်း–၀၉–၈၆၃၅၁၂၂၊ ၀၉–၂၅၄၄၈၈၃၃၀** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## [တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁)]

## အလုံခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၂

| | | |
|---|---|---|
| ဒေါ်မြစန္ဒာအောင် နှင့် | ၁။ ဒေါ်တင်ဦး | ၁၃။ ဦးကျော်လွင် |
| (၎င်း၏အခွင့်ရ | ၂။ ဒေါ်လွင်မာမြင့် | ၁၄။ ဒေါ်မြင့်မြင့်ဦး |
| ကိုယ်စားလှယ် | ၃။ ဒေါ်ဖြူမာမြင့် | ၁၅။ ဒေါ်သီတာ |
| ဦးဇော်ကိုကို) | ၄။ ဦးလေးမြင့် | ၁၆။ ဒေါ်နီနီသိန်း |
| | ၅။ ဦးရွှေလင်းအောင် | ၁၇။ ဒေါ်စန္ဒာ |
| | ၆။ ဒေါ်နန်းသူဇာထွန်း | ၁၈။ ဦးအေးထွန်း |
| | ၇။ ဒေါ်ခင်နွယ် | ၁၉။ ဒေါ်ဝါဝါလှိုင် |
| | ၈။ ဦးခင်အောင်မြင့် | ၂၀။ ဒေါ်မြတ်မြတ်မိုး |
| | ၉။ ဦးဇော်ကြီး | ၂၁။ ဦးဝေလင်းအောင် |
| | ၁၀။ ဒေါ်အေးမီ | ၂၂။ ဒေါ်မြမြအေး |
| | ၁၁။ ဒေါ်နီလာ | ၂၃။ ဦးသူရဇော် |
| | ၁၂။ ဦးသက်နိုင် | ၂၄။ ဒေါ်သက်သက်အေး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်နေ (၁၂) တရားပြိုင် ဦးသက်နိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ တိုက်(၁)၊ အခန်း (၄၀၃)၊ ရွှေလိပ်ပြာအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်ရပ်ကွက်နေ (၁၃)တရားပြိုင် ဦးကျော်လွင်၊ (၁၄) တရားပြိုင် ဒေါ်မြင့်မြင့်ဦး၊ (၁၅)တရားပြိုင် ဒေါ်သီတာ၊ (၁၆)တရားပြိုင် ဒေါ်နီနီသိန်း၊ (၁၇)တရားပြိုင် ဒေါ်စန္ဒာ၊ (၁၈)တရားပြိုင် ဦးအေးထွန်း၊ (၁၉)တရားပြိုင် ဒေါ်ဝါဝါလှိုင်၊ (၂၁) တရားပြိုင် ဦးဝေလင်းအောင်၊ (၂၂) တရားပြိုင် ဒေါ်မြမြအေး၊ (၂၃)တရားပြိုင် ဦးသူရဇော်တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၈ရက်) နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **(၁) သက်ဆိုင်သည့် စာရွက်စာတမ်းများ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**အလုံခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယူအီး–၁ တိုးချဲ့ရပ်ကွက်၊ ထိပ်တင်မှတ်လမ်း၊ မြေကွက်အမှတ်(၇၇၁)၊ မြေအမည်ပေါက် ဦးဇော်ဝင်း၊ မှတ်ပုံတင်အမှတ်(AB–၀၆၁၈၅၄)၊ ပါမစ်မြေကွက်အား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာလာမြင့် [၁၂/ကတတ(နိုင်)၀၁၀၇၀၆]ထံမှ ကျွန်မဒေါ်ပန်းမြတ်မိုမို [၁၂/ဒဂမ(နိုင်)၀၁၈၄၀၃]သည် ပေ(၂၀x၆၀)ပါမစ်မိတ္တူ၊ မီးပါအိမ်၊ ခြံ၊ မြေကွက်အားဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေထားပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းမြတ်မိုမို**
**[၁၂/ဒဂမ(နိုင်)၀၁၈၄၀၃]**
**ဖုန်း–၀၉–၄၅၀၃၄၆၈၀၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၃)လမ်း၊ မြေကွက်အမှတ်–A–128 ဟုခေါ်တွင်သော ဦးကြည်သိန်းအမည်ဖြင့် အစိုးရမှမြေနေရာချထားပေးသည့် ပေ(၄၀x၆၀) အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးကျော်စိုးနိုင် [၁၂/သလန(နိုင်)၀၉၆၃၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ကိုကျော်သူအောင်[၁၂/မဂဒ(နိုင်)၁၂၈၉၃၉]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ထက်ကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၆၅၆/၁၇)**
**ရုံးခန်း–သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာရပ်ကွက်၊**
**အောင်သိဒ္ဓိလမ်း၊ သန်လျင်မြို့။ ဖုန်း–၀၉–၄၂၈၀၂၆၆၃၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၅၊မြေကွက်အမှတ်–၂၁၆/က၊ ဧရိယာ-၁၂၀၀၈/ပေ၊မြေကွက်တည်နေရာအမှတ်(၂၁၆)၊သိင်္ဂီ(၃)လမ်းတောင်၊(၅)ရပ်ကွက်၊သာကေတမြို့နယ်၊ဦးသန်းထွန်း(၁၂/သကတ(နိုင်)၀၁၇၃၅၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးသန်းထွန်း(၁၂/သကတ(နိုင်)၀၁၇၃၅၇)(ခင်ပွန်း)ကွယ်လွန်သဖြင့်တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူဒေါ်ခင်အေး(၁၂/သကတ(နိုင်)၀၁၇၅၈၂)ထံမှမန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၇၀၆/၂၀၂၃(၁၄-၈-၂၀၂၃)ရသူဦးပြည့်ဖြိုးကျော်(၁၂/သကတ(နိုင်)၁၆၀၁၉၅)မှကွယ်လွန်သူခင်ပွန်းဦးသန်းထွန်းတွင်တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူမိမိသာလျှင်ရှိကြောင်း၊အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ခင်ပွန်းကွယ်လွန်ပြီးနောက်မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားတစ်ဦးတည်းသောဇနီးဖြစ်သူမိမိကသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ဒေါ်ခင်အေးကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အထွေထွေကိုယ်စားလှယ်လွှဲစာ၊အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသူသည်သက်ရှိထင်ရှားရှိကြောင်းနှင့်အထွေထွေကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းခြင်းမပြုသည်မှာမှန်ကန်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ဦးသန်းထွန်း၏(သေဆုံးမှုလက်မှတ်)၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/တောင်၊ မြေကွက်အမှတ်–၁၁၅၂/က၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၁၅၂/က)၊ ခိုင်ရွှေဝါ(၁)လမ်း၊ (၁၀/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးဘာလူး) (CF – ၁၀၆၈၄၃) အမည်ပေါက် နှစ်(၆၀)မြေငှား(ဂရန်)မြေအား အမည်ပေါက် ဦးဘာလူး (CF – ၁၀၆၈၄၃) (ဖခင်)နှင့် ဒေါ်ဘရာဂျမ် (ခ)ဒေါ်သန်းကြည် (TKA – ၀၀၁၀၈၂) (မိခင်)တို့ ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်ခင်သန်း(TKA – ၀၈၉၀၈၃)မှ ကွယ်လွန်သူမိဘများတွင် သမီးဖြစ်သူ မိမိတစ်ဦးတည်းသာရှိပြီး အခြားမွေးချင်းသားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကိတ္တိမအမွေစားအမွေခံသားသမီးအဖြစ် မွေးစားထားသူများလည်း မရှိကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့ အရ တစ်ဦးတည်းသောသမီးဖြစ်သူ မိမိကသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်းနှင့် အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ ဒေါ်ဘရာဂျမ်(ခ)ဒေါ်သန်းကြည်(မိခင်)၏ သေဆုံးမှုလက်မှတ်၊ ဦးဘာလူး (ဖခင်)သေဆုံးမှုနှင့်ပတ်သက်၍ (၇–၄–၂၀၂၂)ရက်စွဲပါစာအမှတ်–၂၇၈၇/ရကတ/ သေစာရင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းမှတ်တမ်းမှာ ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်း မိတ္တူမှန်ထုတ်ပေးခြင်းမရှိနိုင်ကြောင်း ပြန်ကြားစာ၊ ဦးဘာလူး သေဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဒေါ်ခင်နွဲ့သူ(သထုံ)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့တွင် ၈-၁၀-၂၀၂၃ ရက်နေ့၌ ကွယ်လွန်ခဲ့သော (ဦးဘညွန့်-ဒေါ်မြရွှေ)တို့၏ သမီးကြီး၊ (အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး မြင့်သူ)၏ ဇနီး၊ သား/သမီး ၆ ဦးတို့၏ မိခင်ကြီး၊ မြေး/မြစ် ၈ ဦးတို့၏ ဘွားဘွားကြီး ဒေါ်ခင်နွဲ့သူ၏ ရုပ်ကလာပ်အား ၁၀-၁၀-၂၀၂၃ ရက်နေ့တွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ ပြုလုပ်ပြီးစီးခဲ့ပါကြောင်းနှင့် ၈-၁၁-၂၀၂၃ ရက်နေ့ထိ တစ်လတာအတွင်း ရည်စူးကုသိုလ်ကောင်းမှုတို့အား အမျှပေးဝေပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးမြင့်ဝေ(ခ)ဦးမြင့်ဟန်(ခ)ဦးကြီးရှောင် (ပဲခူး)
### အသက် (၈၉)နှစ်

ရန်ကုန်မြို့နေ ဦးကျော်ကျော် [Director( POPULAR GROUP)]-ဒေါ်ခင်စန္ဒာခိုင် [Director (GYS- Global Yangon School)]၊ ဦးမောင်မောင်မျိုးမြတ် [Director(POPULAR GROUP)]- ဒေါ်ကြူကြူသင်းတို့၏ မွေးသဖခင်၊ ဦးဥက္ကာကျော်-ဒေါ်ကေခိုင်ကျော် [CEO (GYS- Global Yangon School)]၊ ကိုဇော်မျိုးသီဟ-မအိရွှေဇင်ဝင်း၊ မပန်းဝတ်ရည်ရွှန်းလက်၊ ကိုခန့်ဇော်ရှိန်း၊ ကိုသန့်ဇော်ဟိန်းတို့၏ အဘိုး၊ မမရိယဇော်၏ ဘိုးဘိုးသည် ၂-၁၁-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၆:၅၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**POPULAR GROUP**
**ဝန်ထမ်းမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ထွန်း
**B.Sc(Hons), Physics**
**(၁၉၈၂-၈၆) ရူပဗေဒကျောင်းသားဟောင်း**
**Augustine ကျောင်းသားဟောင်း**
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အမှတ်(၃၉)၊ ယူနိုက်တက်ကွန်ဒိုနေ (ဦးခင်မောင်အေး-ဒေါ်ခင်ကြည်)တို့၏ သား၊ (ဦးတင်စိန်-ဒေါ်မြအေး)တို့၏ သားသမက်၊ ဒေါ်ငွေငွေကြွယ်၏ ခင်ပွန်း၊ သမီး မအေးမွန်မြင့်၊ သား မောင်မင်းခန့်ထွန်းတို့၏ဖခင် ဦးခင်မောင်ထွန်းသည် ၇-၁၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၈:၂၆ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### လှည်းကူးခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၂

| | | |
|---|---|---|
| ဗိုလ်မှူးချုပ်မောင်မောင်အေး(ငြိမ်း) (၎င်းတို့၏အထွေထွေကိုယ်စားလှယ် စာရသူ ဦးဇော်မြင့်ဦး) | နှင့် | ၁။ ဦးခင်မောင်လတ် ၂။ ဦးလှမြင့် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၉၁)နေ ဦးခင်မောင်လတ် သိစေရမည်။

တရားလိုက သင့်အပေါ် " လက်ရှိထားပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးခင်မောင်ဆွေ
### အသက် (၇၅) နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ညွန့်)-ဒေါ်လှရီတို့၏ သား၊ (ဦးစိုးမြင့်-ဒေါ်မြကျင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဒေါ်မြင့်မြင့်ဆွေ)၏ မောင်၊ (ဒေါ်သစ်သစ်ဆွေ)၊ ဦးမြင့်အောင်-(ဒေါ်ခင်ထွေး)၊ ဒေါ်သီဂီအောင်၊ ဦးလှစိန်-ဒေါ်မူမူအောင်၊ ဒေါ်မာလာအောင်၊ ဒေါ်နီလာအောင်တို့၏ အစ်ကို၊ တူ/တူမ လေးယောက်တို့၏ ဘကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေကြွယ်(က)ရပ်ကွက်၊ မေဏ္ဍကလမ်း၊ အမှတ်(၁၈/၄လွှာ)နေ ဦးရဲနန္ဒာဆွေ-ဒေါ်မေမေဆင့်၊ ကိုဟိန်းတေဇာဆွေ၊ ဒေါက်တာမျိုးဇေယျာဆွေ-ဒေါ်ခင်ဆွေဆွေဦးတို့၏ ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး၊ ဒေါက်တာသန်းသန်းမြင့်၏ ခင်ပွန်းသည် ၆-၁၁-၂၀၂၃ ရက် ညနေ ၃:၄၀ နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၈-၁၁-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းမြင့်
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွာသစ်ကုန်းရပ်နေ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်နန်းစုလှိုင်အေး၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးသန်းမြင့်သည် ၄-၁၁-၂၀၂၃ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မှော်ဘီမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မလဲ့လဲ့နွယ်နိုင်(ခ)မရွှေသွန်းရူပါ(သရုပ်ဆောင်)
### အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်၊ ဓမ္မပါလလမ်း၊ အမှတ်(၄၁)နေ (ဦးစိုးလင်း-ဒေါ်ဝါကြည်)၊ (ဦးသန်းလှိုင်)-ဒေါ်ကြူကြူဝင်းတို့၏ မြေး၊ (ဦးစိုးဝင်းနိုင်)-ဒေါ်လှိုင်ဝင်းနွယ်တို့၏ သမီး၊ မောင်လှိုင်ဝေယံဖြိုး (ခေတ္တ-ဂျပန်)၏ညီမ မလဲ့လဲ့နွယ်နိုင်(ခ) မရွှေသွန်းရူပါသည် ၅-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၂:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် S.S.C ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၃(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၃ (စနေနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ်-၁၀၂၀၊ မြေကွက်တည်နေရာ- အမှတ်-၁၀၂၀၊ မြို့ပြလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးညွန့်သိန်း (HZA-၀၇၄၈၈၆) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးညွန့်သိန်း (ခင်ပွန်း)ဖြစ်သူသည် (၄-၁၁-၂၀၁၈)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်မြင့်မြင့်သန်း [၁၂/လကန(နိုင်)၀၆၇၀၃၄]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်- ၆၇၃/၂၀၂၃ (၁၅-၂-၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုး အိမ်ပျက် (၁)လုံးရှိပြီး၊ ဒေါ်ခင်မြင့်မြင့်သန်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ ၎င်းမှ ဝင်စာအမှတ်-၁၀၀၃၁/၂၉-၈-၂၀၂၃ ဖြင့် မြေစာရင်းမှတ်ချက်တွင် မူရင်းမထုတ်ရသေးဟု မှတ်သားထားခြင်းအား နှစ်(၆၀) မြေငှားဂရန်စာချုပ်မှာ မိမိ၏ခင်ပွန်း သက်ရှိထင်ရှားရှိစဉ်ကပင် အမှန်တကယ် ထုတ်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဂရန်မူရင်းနှင့်ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ စွန့်လွှတ်ခြင်း တစ်စုံတစ်ရာမရှိဘဲ နှစ်(၆၀) ဂရန်မူရင်းမှာ မိမိ၏လက်ဝယ်တွင် အမှန်တကယ်ရှိနေသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၃၄၀/၂၃ (၂၈-၈-၂၀၂၃)တို့တင်ပြ၍ ဒေါ်ခင်မြင့်မြင့်သန်း၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ မြို့တွင်းရပ်၊ ဗဟိုစည်လမ်း၊ အမှတ်(၈၀)နေ ဦးဉာဏ်ဝင်း(ကွယ်လွန်)နှင့် ဒေါ်ကြီးမြင့်(ခ)ဒေါ်အေးမြင့်တို့၏ သားဖြစ်သူ ဦးကျော်ငြိမ်းအောင်(ခ)အာလီ [၆/ထဝန(နိုင်)၀၇၀၉၅၃]အား မိဘများမှ ၎င်းရသင့်ရထိုက်သည့်အမွေများအား ခွဲဝေပေးပြီးဖြစ်သော်လည်း မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘညီအစ်ကိုမောင်နှမများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နှောင့်ယှက်နေပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြီးမြင့်(ခ)ဒေါ်အေးမြင့်**

## ဒေါ်မေသက်နွယ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
### အ.ထ.က (၂)၊ ဗဟန်း (နန်းယန်ကျောင်းသူဟောင်း)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် (E-1105)၊ ပုလဲကွန်ဒို၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးမိုးကျော်-ဒေါ်ခင်ဆွေရီ)တို့၏ သမီး၊ ဒေါ်ကေသွယ်၊ ဦးမိုးဇော်-ဒေါက်တာကြေးမုံဝင်းတို့၏ ညီမ၊ ဦးဝင်းဦး-ဒေါ်ခိုင်စုဝင်း၊ ဦးမိုးညွန့်-ဒေါ်ကုမာရီ၊ (ဦးဘုန်းဇော်)-ဒေါ်နီနီကျော်စိန်၊ ဒေါ်သန်းနွယ်အေး၊ ဦးသန့်-ဒေါ်ခင်ဥမ္မာကျော်၊ ဦးဝင်းမိုး-ဒေါ်ခင်စုဝေတို့၏အစ်မ၊ ဦးမြင့်စိုးနိုင် (တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်)၏ဇနီး ဒေါ်မေသက်နွယ်သည် ၆-၁၁-၂၀၂၃ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၈-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တံတိုင်း၊မုခ်ဦး၊လမ်းအလှူရှင်ဒါယိကာမကြီး
## ဒေါ်ခင်ကြည်
### အသက် (၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ညွန့်)-(ဒေါ်အမာ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၃၉အိပ်ချ်)နေ ဦးကြည်မောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ဇနီး၊ (ဦးတင်အောင်)-ဒေါ်သန်းငွေတို့၏ညီမ၊ (ဦးအောင်လွင်)-ဒေါ်မြကြည်တို့၏အမ၊ ဦးဝင်းအောင်-ဒေါ်ဝင်းယုနွယ်တို့၏အဒေါ်၊ ဦးမျိုးသိန်း-ဒေါ်သိန်းသန်းစုတို့၏မိခင်၊ မအင်ကြင်း၊ မောင်နိုင်ဦး၊ မဝင်းပပမျိုး၊ မပိုးဥခင်တို့၏ဖွားဖွားကြီးသည် ၇-၁၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုလ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၀၈း၃၀နာရီတွင် ထွက်ခွာပါမည်) ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၂၃ (တနင်္လာနေ့) နံနက် ၈နာရီမှ၁၁နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းသန်းထွန်း(ခ)မောင်ပု
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်(၃၁)၊ (ပ)ထပ်နေ (ဦးအောင်စိန်-ဒေါ်စန်းလှိုင်)တို့၏သားငယ်၊ ဒေါ်ခက်ခက်ခိုင်၊ (ဦးမောင်မျိုး)၊ ဒေါ်မေသန်းစိုး၊ ဦးမြင့်ကျော်-ဒေါ်အေးအေးဖြိုးတို့၏ မောင်/ညီသည် ၇-၁၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု


### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။





## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...**

**❖ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေး မျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပြုလုပ်သော ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### ဂါဇာဒေသ၌ တိုက်ခိုက်မှုများရပ်စဲရေး အီရန်သမ္မတနှင့်အိန္ဒိယဝန်ကြီးချုပ်တို့ တောင်းဆို



စာမျက်နှာ » ၁၃

### PDF အမည်ခံအကြမ်းဖက်သမားများက စစ်တောင်းမြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်နေသည့် ဒေသခံပြည်သူများကို Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူလေးဦး သေဆုံး၊ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

စာမျက်နှာ » ၁၅



## ငပလီအပန်းဖြေကမ်းခြေသို့ သီတင်းကျွတ်ပွဲတော်ကာလတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်ခဲ့

ရန်ကုန် နိုဝင်ဘာ ၇

ယခုနှစ် သီတင်းကျွတ်ပွဲတော်ကာလ ရုံးပိတ်ရက် သုံးရက်တာအတွင်း ငပလီကမ်းခြေအပန်းဖြေစခန်းတွင် ခရီးသွားများဖြင့်စည်ကားခဲ့ရာ ယမန်နှစ်ကထက် ပြည်တွင်း၊ ပြည်ပခရီးသွား ၆၄ ဒသမ ၉၄ ရာခိုင်နှုန်း တိုးမြင့်ဝင်ရောက်ခဲ့ကြောင်း ရခိုင်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ☆**



## မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန် အခြားတိုက်ခိုက်ရေးအဖွဲ့အစည်းနှင့် လက်တွဲဖွယ်ရှိ

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်သည် ONE Championship အဖွဲ့အစည်းနှင့် စာချုပ်သက်တမ်းတိုးရန် အဆင်မပြေဖြစ်နေသဖြင့် အခြားတိုက်ခိုက်ရေးအဖွဲ့အစည်းနှင့် လက်တွဲဖွယ်ရှိနေသည်။

အောင်လအန်ဆန်နှင့် ONE Championship အဖွဲ့အစည်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ဧပြီလကတည်းက ကုန်ဆုံးခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ စာချုပ်သက်တမ်းတိုးနိုင်ခြင်း မရှိသဖြင့် အခြားတိုက်ခိုက်ရေးအဖွဲ့အစည်းနှင့် ပြောင်းလဲလက်တွဲလိုနေခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ONE Championship က ကျင်းပသည့်ပြိုင်ပွဲများတွင် လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာနေသည်။

အောင်လအန်ဆန်သည် အသက် ၃၈ နှစ်ကျော်ပြီဖြစ်သော်လည်း ကစားသမားဘဝမှ အနားယူရန် ဆန္ဒမရှိသေးဘဲ ONE Championship အဖွဲ့အစည်းနှင့် သက်တမ်းမတိုးဖြစ်ပါက အခြားအဖွဲ့အစည်းနှင့် လက်တွဲရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် အခြားတိုက်ခိုက်ရေးအဖွဲ့အစည်းနှင့် လာမည့်နှစ်တွင် စတင်လက်တွဲဖွယ်ရှိနေသည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍**

## ဖူဆယ် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီက စီစဉ်ကျင်းပမည့် ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကို နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီအနေဖြင့် နိုဝင်ဘာတွင် အမျိုးသားပြိုင်ပွဲအဖြစ် MFF Rhino Futsal Championship 2023 ပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် အမျိုးသမီးပြိုင်ပွဲအဖြစ် MFF Women's Futsal Championship 2023 ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖**